ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (20-9-2008)(၅၈၀၇)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
## ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၉

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍အားပေးချီးမြှင့်သည်။**



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ ခုနှစ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိသွားသော အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

### တက်ရောက်

အဆိုပါ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ နေပြည်တော် မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ကော်မတီဝင်များ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အားကစား ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

### ဗိုလ်စွဲ

ယင်းပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တတိယဆုရ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

**အမျိုးသားသဘာဝဥယျာဉ်တွင် တစ်ခု အပါအဝင်ဖြစ်သည့် ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီတောင်၏အလှကို တွေ့ရစဉ်။**

# မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများနှင့် ထူးခြားစိတ်ဝင်စားဖွယ်ရာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်

သတင်းဆောင်းပါး - နေဝန်းမြတ်



သဘာဝပတ်ဝန်းကျင်နဲ့ သားငှက် တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ရာ အလို့ငှာ သစ်တောဦးစီးဌာနက **သဘာဝထိန်းသိမ်းရေး နယ်မြေ**များ ဖွဲ့စည်းစီမံအုပ်ချုပ် လုပ်ကိုင်လျက် ရှိပါတယ်။ ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝပေါက်ပင်များ၊ ဂေဟစနစ်များ (Ecology) ထင်ရှားသော ဘူမိသွင်ပြင် ပထဝီအနေအထားများ တည်ရှိနေတဲ့ ဒေသတွေကိုလည်း ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစီမံ အုပ်ချုပ်လျက်ရှိပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

## ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

❒ သဘာဝဘေးအန္တရာယ်သတင်းများ
စာမျက်နှာ-၄

❒ သတင်းထောက် သက်ရှည်၏ ဆောင်းပါး
စာမျက်နှာ-၆

❒ ပြည်တွင်း/ပြည်ပ အားကစားသတင်းများ
စာမျက်နှာ-၁၁/၂၀

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ အင်တာနက် ကျန်းမာရေး မှတ်စု

### လူသုံးများသော ပလတ်စတစ်တွင် ပါဝင်သည့် ဓာတုပစ္စည်း နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါတို့နှင့် ဆက်စပ်ဖွယ်ရှိနေ




**ပေကျင်း စက်တင်ဘာ ၁၉**

စားသောက်ဖွယ်ရာများ ထည့်သွင်း သယ်ဆောင်ရာတွင် အသုံးပြုသည့် ပလတ်စတစ်ဘူးခွက်များတွင် မကြာခဏ တွေ့ရလေ့ရှိသော အချိုးအဆ များပြားသည့် ဓာတုပစ္စည်းတစ်မျိုးသည် နှလုံး သွေးကြောရောဂါနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

အတည်ပြုချိန် ၂း၃၀

ကြေးမုံ
The Mirror

၂၀-၉-၂၀၀၈
(စနေနေ့)

# ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ လျှောက်လှမ်း

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများကို ချမှတ်ဖော်ဆောင်နေသည်။ နိုင်ငံ၏ သမိုင်းကြောင်း အခြေခံ၊ လူမှုဓလေ့စရိုက်နှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံအတွက် စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် နိုင်ငံနှင့်လိုက်လျောညီထွေ ကိုက်ညီမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ ပြည့်စုံသည့် စနစ်ကို တည်ဆောက်ရုံသာမက ပြည်သူများအားလုံးကလည်း ယင်းစနစ်နှင့် လိုက်ဖက်မည့် အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်များ ပြည့်စုံမှုရှိကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ကြိုးပမ်းတည်ဆောက်လျက်ရှိရာ အဆင့်(၄)ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပပြီး ဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းတို့၏ ထောက်ခံမှုဖြင့် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်သည်။ ဒီမိုကရေစီပန်းတိုင်သို့ ရှေးရှုချီတက် ပုံဖော်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ စွမ်းဆောင်မှုကို ပြည်သူတို့က ယုံကြည်မှု အပြည့်အဝဖြင့် ထောက်ခံအားပေးခြင်းဖြစ်သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တည်ငြိမ်အေးချမ်းမှုနှင့်အတူ မိမိတို့တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လိုသည်ဖြစ်ရာ မည်သည့် ဆူပူအကြမ်းဖက်မှု လုပ်ရပ်ဟူသမျှကိုမဆို ဆန့်ကျင်ဖယ်ရှားသွားမည်သာဖြစ်သည်။

ယခုအခါ နိုင်ငံတော်၌ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေသည်။ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲညီညီ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဆီသို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ မဆုတ်မနစ် ဆက်လက်လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါသည်။ ။

## ကျိုက္ခမီ အထက ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးညွန့်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးတင့်ရီတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ မိဘဆရာအသင်း အစည်းအဝေးကို ကျင်းပရာ အမှုဆောင်အစီရင်ခံစာ၊ အမှုဆောင်ရွေးချယ်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ ယင်းနောက် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ သံဖြူဇရပ်မြို့နယ် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရ ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမကြီး ဒေါ်အေးတင့်ရီအား ရွှေစင်ဆုကိုလည်းကောင်း**(ယာပုံ)**နှင့် လေးဘာသာဂုဏ်ထူးရှင် မောင်အောင်သူရဖြိုးအား မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက လည်းကောင်း ဆုချီးမြှင့်သည်။ (ပညာရေး)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။




**လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးထံ ဂျပန်နိုင်ငံ အစိုးရ၏ အထောက်အပံ့ဖြင့် မန္တလေးတိုင်း ကျောက်ဆည်နှင့် မြစ်သားမြို့နယ်များရှိ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် မြေတူးစက်ငယ်များ၊ စပါးရိတ်စက်များ၊ ဆေးဖျန်းကိရိယာများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa က လွှဲပြောင်းပေးအပ်စဉ်။**

(လယ်/ဆည်)

# မြေတူးစက်ငယ်များ၊ စပါးရိတ်စက်များနှင့် ဆေးဖျန်းကိရိယာများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

**ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် မန္တလေးတိုင်း ကျောက်ဆည်နှင့် မြစ်သားမြို့နယ်များရှိ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် မြေတူးစက်ငယ်များ၊ စပါးရိတ်စက်များ၊ ဆေးဖျန်းကိရိယာများ လှူဒါန်းပွဲကိုစက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး လှူဒါန်းသည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက အပူပိုင်းဇုန် မိုးနည်းရေရှား ဒေသများတွင် မြေအောက်ရေတွင်းများ တူးဖော်မှုနှင့် ကျေးရွာဆည်ငယ် ကန်ငယ်များပြုပြင်မွမ်းမံနေမှုများဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှုမှတ်တမ်းတင်ရုပ်မြင်သံကြား အစီအစဉ်ကို ပြသသည်။

ကျောက်ဆည်နှင့်မြစ်သားမြို့နယ်တို့၌ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဂျပန်နိုင်ငံ အစိုးရမှ လယ်ကြားမြောင်းများ တူးဖော်ရန် မြေတူးစက်ငယ် လေးစီး၊ ဆေးဖျန်းကိရိယာ ၅၈၀၊ စပါးရိတ်စက်ကိုးစီးတို့ကို ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဝါးခယ်မ၌ကျင်းပ အလှူငွေများလှူဒါန်း၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရွှေခယ်သီရိအားကစားခန်းမ၌ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်၊ မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဌေးနိုင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးကျော်လွင်တို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မြို့နယ်တရားရုံး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လေဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သွားရောက်ကူညီခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အတွက် စေတနာညကျောင်းတွင် သင်ကြားပေးသော ဆရာ၊ ဆရာမကြီးများအား အသင်းအတွင်းရေးမှူးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ (၁၈၂)





## ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ စနေတစ်ပတ်ခြား ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၀ ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ဧရာဝတီမြေပဲဆီသန့်၏ ပံ့ပိုးကူညီမှုဖြင့် စီးပွားရေးပညာရှင် စာရေးဆရာ ဦးခင်မောင်ညို(ဘောဂဗေဒ)က စီးပွားရေးပညာ စီးပွားရေးလုပ်ငန်းနှင့် စာနယ်ဇင်း (Economics, Business and Mass Media) ခေါင်းစဉ်ဖြင့် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဟောပြောမည်ဖြစ်သည်။ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့က အကျိုးဆက်ကိုမကြည့်ဘဲ ထင်ရာလုပ်နေ ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်လိုသော စိတ်ကူးများကို ဖယ်ရှားပစ်ရမည်

**(၆၃)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက်က နယူးယောက်မြို့၌ကျင်းပရာ နိုင်ငံပေါင်း ၁၉၂ နိုင်ငံတက်ရောက်ခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဥက္ကဋ္ဌသစ်က အဖွင့်မိန့်ခွန်းပြောကြားသည်။**

ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဥက္ကဋ္ဌသစ် နီကာရာဂွါနိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးဟောင်းဖြစ်သူက အဖွဲ့ဝင်နိုင်ငံများ စည်းလုံးရန် ပြောကြားသည်။

ဥက္ကဋ္ဌသစ်က မိန့်ခွန်းပြောကြားရာတွင် မိမိဥက္ကဋ္ဌဖြစ်လာချိန်၌ ငတ်မွတ်ခြင်း၊ ဆင်းရဲခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝရေရရှိမှု အခွင့်အလမ်းများ မတူညီကြခြင်း စသော ပြဿနာများ နက်နက်ရှိုင်းရှိုင်းရှိနေသည့် အချိန်ဖြစ်ကြောင်း၊ လူသားတို့အတွက် ခက်ခဲသောအချိန်ပင်ဖြစ်ကြောင်း။

၎င်းဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ ကုလသမဂ္ဂကို ဒီမိုကရေစီနည်းလမ်းတကျဖြစ်စေရေး (Democratize လုပ်ရေး) ပင် ဖြစ်ကြောင်း၊ အထွေထွေညီလာခံ အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်ကျိုးရှေ့တန်းတင်မှု၊ တစ်ကိုယ်ကောင်းဆန်မှုတို့ကို ပြောင်းလဲပစ်ရမည်ဖြစ်ကြောင်း၊ အခြေခံစားကုန် ဈေးမြင့်လာခြင်း၊ ငတ်မွတ်ခြင်း၊ ဆင်းရဲခြင်းပြဿနာများကို အားလုံး ဝိုင်းဝန်းသုံးသပ်ပြောင်းလဲနိုင်ရန် ကြိုးပမ်းသင့်ကြောင်း။

ထို့အပြင် ၂၀၀၉ ခုနှစ်အတွင်း ကုလသမဂ္ဂကို ဒီမိုကရေစီနည်းလမ်းတကျဖြစ်စေရေး ဆွေးနွေးပွဲများကျင်းပသွားမည်ဖြစ်ကြောင်း၊ Bretton Woods နှင့် အခြားနိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအထွေထွေညီလာခံ၏ အခန်းကဏ္ဍ၊ လုံခြုံရေးကောင်စီ၏ အရွယ်အစားနှင့် ဖွဲ့စည်းပုံတို့ကို ဆွေးနွေးကြလိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။ ၁၅နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီကို ပြောင်းလဲပြုပြင်ဖွဲ့စည်းရန်ကိစ္စမှာ အရေးတကြီးလုပ်ဆောင်ရမည့် ကိစ္စဖြစ်ကြောင်း၊ ဗီတိုအာဏာ သုံးခွင့်ရှိခြင်းကပင် လုံခြုံရေးကောင်စီအဖွဲ့ဝင်အချို့ကို ထင်ရာစိုင်းလုပ်ခွင့်ပေးသလို ဖြစ်နေကြောင်း၊ ထိုလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံအချို့က နောက်ပိုင်းအကျိုးဆက်ကို မကြည့်ဘဲ ထင်ရာလုပ်နေကြကြောင်း။

အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များမှာလည်း မဖြစ်မနေ လိုက်နာရမည့် ဆုံးဖြတ်ချက်ဖြစ်သင့်ကြောင်း၊ ယခုဆိုလျှင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက အထွေထွေညီလာခံ ဆုံးဖြတ်ချက်များကို လျစ်လျူရှုထားကြကြောင်း။

ရာသီဥတု ပြောင်းလဲခြင်း၊ ရေရရှိနိုင်မှုအခွင့်အလမ်း မတူညီခြင်း၊ အကြမ်းဖက်ဝါဒ၊ လူ့အခွင့်အရေး၊ အဏုမြူလက်နက် ထိန်းချုပ်ရေး၊ လက်နက်ဖျက်သိမ်းရေး၊ လူကုန်ကူးမှု စသည်တို့မှာ ၎င်း(၆၃)ကြိမ်မြောက် ဆွေးနွေးပွဲ၌ အလေးထားဆွေးနွေးကြရမည့် အရာများဖြစ်ကြောင်း။

ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်လိုသော စိတ်ကူးများကို ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်အရလည်း ထိုစိတ်ကူး အကြံအစည်များနှင့် ဆန့်ကျင်နေကြောင်း ပြောကြားသွားသည်။

**အင်တာနက်။**

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**

## အာဆီယံဆုတံဆိပ်ရရှိသူများနှင့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည့် အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

**၂၀၀၈ ခုနှစ် အာဆီယံဆုတံဆိပ်များအစီအစဉ် စက်ရုံများနှင့် အဆောက်အအုံများတွင် အကောင်းဆုံး စွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုကြသော အဆောက်အအုံများ ပြိုင်ပွဲနှင့် ပြန်ပြည့်မြဲစွမ်းအင်အသုံးချရေး စီမံကိန်းပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိသူများနှင့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကား ပြောကြားသည်။**

ဆက်လက်၍ ပြိုင်ပွဲရွေးချယ်စိစစ်ရေး အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းခိုင်က ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံများ၊ အဆောက်အအုံများနှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချရေး စီမံကိန်းတို့၏ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ၂၀၀၈ ခုနှစ် အာဆီယံဆုတံဆိပ်များ အစီအစဉ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးက ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဂုဏ်ပြုဆုရရှိသူများကိုယ်စား ဦးစစ်သွေးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




### စုပေါင်းဓာတ်ပုံရိုက်

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ၂၀၀၈ ခုနှစ် အာဆီယံ စွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်း အခမ်းအနားတွင် ဆုရရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။**

(စွမ်းအင်)



**လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင် သင်တန်းဆရာတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (ဓာတ်ပုံ-ကုန်သည်/စက်မှု)

## လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ် (၅)ဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower Level 5 ရှိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းရုံးခန်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်တို့က အမှာစကားပြောကြားကြပြီး ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းသူ သုံးဦးတို့အား ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းမှူး ဒေါက်တာ မီမီကိုက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆင့်မြင့် လက်တွေ့အသုံးချဆေးဝါး စီမံခန့်ခွဲမှုသင်တန်း အပတ်စဉ် (၃)ကိုလည်း အောက်တိုဘာ ပထမပတ်တွင် ဆက်လက်ဖွင့်လှစ်မည်ဟု သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၈ (စနေနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "မိဘကျေးဇူးအကျေဆပ်နည်း"တရားတော် [ဆရာတော် အရှင်အာစာရာလင်္ကာရ] |
| ၇း၅၀-၁း၅၀ | ဗုဒ္ဓအဘိဓမ္မာဆိုသည်မှာ |
| ၈း၂၅-၂း၂၅ | သီချင်းကောင်းကောင်းသီချင်းတောင်း |
| ၈း၅၀-၂း၅၀ | Activities In The City (Fortune နှင့်Concordia ကုမ္ပဏီတို့၏ စက်တင်ဘာ ဈေးရောင်းပွဲတော်) |
| ၉း၁၅-၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅-၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀-၃း၃၀ | MRTV - 4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမောင်မြင့်ကြွယ်နှင့် တွေ့ဆုံခြင်း) |
| ၉း၅၀-၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅-၃း၅၅ | တောင်ပေါ်လက်ဖက် နတ်သစ်ရွက် |
| ၁၀း၁၀-၄း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅-၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀-၄း၂၀ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၁၀း၃၅-၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀-၄း၄၀ | မြန်မာ့အနုပညာပန်းငွေထည်လုပ်ငန်း |
| ၁၀း၅၅-၄း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀-၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀-၅း၁၀ | သွားမယ်စားမယ် (50th STREET GRILL) |
| ၁၁း၃၀-၅း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅-၅း၃၅ | အဖိုးတန်သောသဘာဝသယံဇာတမြေ ဟူးကောင်း |
| ၁၁း၅၀-၅း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၅-၅း၅၅ | MTV Movie Awards 2008 |
| ၁၂း၂၀-၆း၂၀ | လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်) |
| ၁၂း၄၀-၆း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅-၆း၄၅ | ကြည်မြင့်တိုင်မျက်မမြင်ကျောင်းရဲ့ လေ့လာမှုနည်းပညာ |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

### English Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၁၀ | Sunderland - Middlesbrough | ESPN (Live) |
| ၈း၂၅ | Liverpool - Stoke City | ESPN (Live) |
| | West Ham - Newcastle | STAR SPORTS (Live) |
| ၁၀း၅၅ | Bolton - Arsenal | STAR SPORTS (Live) |
| ၁၁း၀၀ | Blackburn - Fulham | ESPN (SDD) |

## ရုရှားနှင့်ဂျော်ဂျီယာ ခွဲထွက်ဒေသ ချစ်ကြည်ရေးလက်မှတ်ထိုး

**မော်စကို စက်တင်ဘာ ၁၈**

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် ဂျော်ဂျီယာ ခွဲထွက်ဒေသများဖြစ်သော အက်ခါဇီယား၊ တောင်အော်ဆက်တီးယားတို့နှင့် ချစ်ကြည်ရေးစာချုပ်ကို ဗုဒ္ဓဟူးနေ့က လက်မှတ်ရေးထိုးလိုက်ကာ ရုရှားလက်နက်ကိုင်တပ်ဖွဲ့များက ၎င်းတို့အား ထောက်ခံမှုပေးမည်ဖြစ်ကြောင်း ကတိပြုလိုက်သည်။

**အကာအကွယ်ပေး**

မော်စကိုနှင့် အဆိုပါခွဲထွက်ဒေသများ၏ စာချုပ်တွင် စစ်ဘက်ရေးရာကိစ္စများ၊ သံတမန်ရေးနှင့် စီးပွားရေးရာကိစ္စများ ပါဝင်သည်။ လွန်ခဲ့သည့်လက ဂျော်ဂျီယာနှင့် စစ်ဖြစ်ပွားပြီးနောက် ထိုခွဲထွက်ဒေသများ၏ လွတ်လပ်ရေးကြေညာခြင်းကို ရုရှားနိုင်ငံက အသိအမှတ်ပြုခဲ့သည်။

**ထည့်သွင်းပြောကြား**

မက်ဗီဒက်ဗ်သည် တောင်အော်ဆက်တီးယားခေါင်းဆောင်အက်ဒွတ်ကိုကွိုင်တီနှင့်လည်းကောင်း၊ အက်ခါဇီယားခေါင်းဆောင် ဆာဂီဘာဂက်ချ်နှင့်လည်းကောင်း စာချုပ်များကို လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးပွဲအပြီး မိန့်ခွန်း၌ မက်ဒီဒက်ဗ်က အက်ခါဇီယားနှင့် တောင်အော်ဆက်တီးယားတို့ကို ဂျော်ဂျီယာနိုင်ငံ၏ ကျူးကျော်မှုရန်မှ အကာအကွယ်ပေးခဲ့သည်ဟု ထည့်သွင်းပြောကြားသည်။

ရုရှားနှင့် ခွဲထွက်ဒေသများ လက်မှတ်ရေးထိုးခဲ့သော စာချုပ်များအရ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာခြင်းများအား တန်ပြန်ရန်နှင့် ကျူးကျော်မှုကို ဆန့်ကျင်ရန်အတွက် လိုအပ်သော နည်းလမ်းများကို ပူးပေါင်း ဆောင်ရွက်သွားမည်ဟု မက်ဗီဒက်ဗ်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ရုရှားသမ္မတ၊ အက်ခါဇီးယားခေါင်းဆောင်နှင့် တောင်အော်ဆက်တီးယားခေါင်းဆောင်တို့အား ချစ်ကြည်ရေးစာချုပ် ရေးထိုးအပြီး စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




## ဆိုမာလီပင်လယ်ဓားပြများ ဂရိသင်္ဘောကို ဖမ်းဆီး

**နိုင်ရိုဘီ စင်တင်ဘာ ၁၈**

ဆိုမာလီကမ်းခြေအလွန်တွင် ပင်လယ်ဓားပြများသည် ဂရိသင်္ဘောတစ်စင်းကို ဖမ်းဆီးသွားကြောင်း ဒေသဆိုင်ရာ ရေကြောင်းအရာရှိတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အရှေ့အာဖရိက သင်္ဘောသားများ အထောက်အကူပေးရေး အစီအစဉ်မှ ညှိနှိုင်းရေးအရာရှိ အန်ဒရူးအမ်ဝမ်ဂူရာက အဆိုပါသင်္ဘောသည် ကင်ညာနိုင်ငံသို့ ခုတ်မောင်းနေစဉ် ဆိုမာလီကမ်းခြေအလွန်တွင် ပြန်ပေးဆွဲခံရကြောင်း၊ နှစ်လအတွင်း ပင်လယ်ဓားပြများ၏ အဖမ်းခံရသော ၁၃ စင်းမြောက် သင်္ဘောဖြစ်ကြောင်း ပြောကြားသည်။

ပြန်ပေးဆွဲခံရသော သင်္ဘော၏အမည်နှင့် သင်္ဘောပေါ်၌ ပါရှိသော သင်္ဘောသားများသည် မည်သည့်နိုင်ငံသားများဖြစ်ကြောင်းကို အတည်ပြုပြောကြားနိုင်ခြင်းမရှိကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ပြောကြားသည်။

***အင်တာနက်။***

## အိန္ဒိယ၌ ဘတ်စ်ကားတိုက်မှုဖြစ်ပွား၊ ၁၄ ဦး သေဆုံး

**ပတ္တနား (အိန္ဒိယ) စက်တင်ဘာ ၁၈**

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ အဝေးပြေးလမ်းမတွင် စက်တင်ဘာ ၁၈ ရက်က ဘတ်စ်ကားတစ်စီး အရှိန်လွန်ကာ လမ်းဘေးရှိ ကျေးရွာသားများအား တိုက်မိရာ ၁၄ ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဝင်တိုက်**

ဘီဟာပြည်နယ် အရှေ့ပိုင်းတွင် ယာဉ်မောင်းသည် ဘတ်စ်ကားကို အရှိန်မထိန်းနိုင်ဘဲ ဟိန္ဒူရိုးရာပွဲတော် ပြုလုပ်နေသည့် ဒါဇင်နှင့် ချီ၍ရှိသော ကျေးရွာသားများဆီသို့ ဝင်ရောက်တိုက်မိခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အိပ်ခန်းအတွင်းဝင်နေသောစပါးအုံးမြွေကြီး မီးသတ်တပ်ဖွဲ့ဝင်များ တွေ့ရှိ

**ဘာလင် စက်တင်ဘာ ၁၈**

အက်ဆန်ဒေသတွင်ဂျာမန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရေပိုက် ကျိုးပေါက်သဖြင့် တိုက်ခန်းအတွင်း ရေများပြည့်လျှံနေခြင်းကို စုပ်ထုတ်ရန်ကြိုးစားစဉ်စပါးအုံးမြွေကြီးတစ်ကောင်ကိုတွေ့ရှိခဲ့ကြောင်း မြို့တော်အနောက်ပိုင်းရှိ ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

**တွေ့ရှိ**

ယင်းတိုက်ခန်းတွင် ရေများပြည့်လျှံနေခြင်းကို ရှင်းလင်းပေးရန် အကူအညီတောင်းသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းပေးစဉ် အဆိုပါ စပါးအုံးမြွေကြီးကို အိပ်ခန်းပြတင်းပေါက်ပေါင်ပေါ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ ထိုမြွေကြီးကို ရဲတပ်ဖွဲ့က ခေတ္တထိန်းသိမ်းထားကြောင်း သိရသည်။

***အင်တာနက်။***

**သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာနေရာကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## အင်တာနက်သဘာဝဘေးအန္တရာယ်သတင်းများ

### ပင်လယ်ရေလှိုင်းကြီးများ တစ်ဟုန်ထိုးရိုက်ခတ်မှု ဘင်္ဂလားဒေ့ရှ်၌ လူရာနှင့်ချီ၍ ပျောက်ဆုံး

**ဒါကာ စက်တင်ဘာ ၁၈**

မုန်တိုင်းပြင်းထန်စွာ တိုက်ခတ်မှုကြောင့် ဘင်္ဂလားပင်လယ်အော်မှ ရေလှိုင်းများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရှည်လျားသော ကမ်းရိုးတန်းကို ရိုက်ခတ်ရာ **(အောက်ပုံ)** ကလေးနှစ်ဦး ရေနစ်သေဆုံးပြီး ငါးဖမ်းသမား ၄၀၀ ခန့် ပျောက်ဆုံးကာ လူထောင်နှင့်ချီ၍ သောင်တင်နေကြောင်း တာဝန်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပါတော့ခ်ဟာလီ၊ ဂျဟာလာကာသီနှင့် ကောက်ဘဇား မြို့သုံးမြို့ကို ပင်လယ်ရေလွှမ်းမိုးခဲ့သည်။ လေပြင်းထန်စွာတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသခံအများအပြားမှာ ထွက်ပြေးရန်ကြိုးစားနေကြသည်။

အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်အတွင်းတွင် စက်တင်ဘာ ၁၇ရက် ညနေပိုင်း၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်မှုကြောင့် ရေကြီးမှုတစ်ရှိန်ထိုး ဖြစ်ပွားနိုင်ကြောင်း တာဝန်ရှိသူများက သတိပေး ပြောကြားခဲ့သည်။ ***အင်တာနက်။***



### အီရန်တောင်ပိုင်း၌ ငလျင်လှုပ်

**တီဟီရန် စက်တင်ဘာ ၁၈**

အီရန်နိုင်ငံတောင်ပိုင်း ဘန်ဒါအက်ဘေ့ဆိပ်ကမ်းအနီးရှိ ရေနံချက်စက်ရုံနေရာတွင် စက်တင်ဘာ ၁၇ ရက်က ရစ်ချ်တာစကေး ၅အဆင့်ရှိသော ငလျင်တစ်ခု လှုပ်သွားကြောင်း အီရန်မီဒီယာများက ရေးသားဖော်ပြသည်။ သို့သော် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်က ယင်းဒေသတွင် ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်မှုကြောင့် အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့သည်။

အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့(ယူအက်စ်ဂျီအက်စ်)၏ ခန့်မှန်းချက်အရ စက်တင်ဘာ ၁၇ ရက် ည ၉ နာရီ ၁၃ မိနစ်၌ လှုပ်သွားသော ငလျင်၏ပြင်းအားမှာ ၅ ဒသမ ၂ အဆင့်ရှိသည်ဟု ပြောကြားသည်။

အီရန်တာဝန်ရှိသူက ကွီဆမ်ကျွန်း ကမ်းရိုးတန်းဒေသတွင် ငလျင်ဒဏ်ခံရပြီး လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ကြောင်း ပြောကြားသည်။ အဆိုပါငလျင်သည် ဘန်ဒါအက်ဘေ့ဆိပ်ကမ်း အနောက်တောင်ဘက် ကီလိုမီတာ ၄၀ အကွာရှိ ပင်လယ်ပြင်ကို ဗဟိုပြုပြီး လှုပ်သွားကြောင်း ယူအက်စ်ဂျီအက်စ်က ပြောကြားသည်။ ***အင်တာနက်။***

### ဆူမတြား၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**ဂျကာတာ စက်တင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိသော ငလျင်တစ်ခု လှုပ်သွားကြောင်း၊ သို့သော် ပျက်စီးဆုံးရှုံးမှုနှင့် သေကျေဒဏ်ရာရရှိမှုကို ဖော်ပြခြင်းမရှိကြောင်း အင်ဒိုနီးရှားမိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၁ မိနစ်က ဘန်ကူလူပြည်နယ် ဘင်တူဟန်ဒေသ အနောက်တောင်ဘက် ၁၅၅ ကီလိုမီတာအကွာ ရေအောက်ကြမ်းပြင်မှ ကီလိုမီတာ ၂၀ ကို ဗဟိုပြုလှုပ်သွားကြောင်း ယင်းဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

## ပင်လယ်ကွေ့စစ်ပွဲဖြစ်ပါက မည်သည့်သင်္ဘောမျှ အီရန့်ဒုံးလက်နက်စက်ကွင်းမှ မလွတ်ဟုဆို

**တီဟီရန် စက်တင်ဘာ ၁၈**

အကယ်၍အီရန်နိုင်ငံအနေဖြင့် စစ်ဖြစ်လာမည်ဆိုပါက ပင်လယ်ကွေ့တွင် သွားလာနေသော မည်သည့်သင်္ဘောမျှ အီရန်တို့၏ ဒုံးလက်နက်စက်ကွင်းမှ လွတ်နိုင်မည်မဟုတ်ကြောင်း အီရန်နိုင်ငံ ဦးသျှောင်အကြီးအကဲ၏ ထိပ်တန်းအကြံပေးက ပြောကြားသည်ကို ကိုးကား၍ သတင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ပင်လယ်ကွေ့ဒေသသည် အရှေ့အလယ်ပိုင်းဒေသထွက် ရေနံများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် သယ်ယူရာလမ်းကြောင်းပေါ်တွင် တည်ရှိသည်။ ကမ္ဘာ့ရေနံကုန်သွယ်မှု၏ ရာခိုင်နှုန်း ၄၀ သောပမာဏသည် အဆိုပါရေလမ်းကြောင်းကိုဖြတ်၍ သယ်ဆောင်ရသဖြင့် ယင်းရေလမ်းကြောင်းသည် အရေးပါသော ရေလမ်းကြောင်းဖြစ်သည်။ အကယ်၍ အီရန်နိုင်ငံကို အတိုက်ခိုက်ခံရလျှင် ထိုရေလမ်းကြောင်းကို ပိတ်ပစ်မည်ဖြစ်ကြောင်း အီရန်က ခြိမ်းခြောက်ထားသည်။

အီရန်နိုင်ငံက ဆောင်ရွက်လျက်ရှိသော ချူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ထိုနိုင်ငံနှင့် အနောက်နိုင်ငံများအကြား ဆက်ဆံရေး တင်းမာလျက်ရှိသည်။

ပင်လယ်ကွေ့ဒေသရှိ ဘာရိန်းနိုင်ငံတွင် အမေရိကန်တို့၏ အမှတ်(၅) ရေတပ်ဌာနချုပ်စခန်းတည်ရှိသည်။ ရေနံသယ်ယူရာ အဆိုပါပင်လယ်ရေလမ်းကြောင်းကို အမြဲတမ်းပွင့်နေစေရန် တာဝန်ယူကြောင်း အမေရိကန်ရေတပ်က အာမခံထားသည်။

***အင်တာနက်။***



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လုံခြုံရေးယာဉ်တန်းအနီး ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်၌ ဗုံးများပေါက်ကွဲ ကိုးဦး သေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၁၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဟာရီသီရာတွင် စက်တင်ဘာ ၁၇ ရက်က ကားဗုံးများဖြင့် တိုက်ခိုက်မှုကြောင့် လူရှစ်ဦးသေဆုံးပြီး အခြား ၂၅ဦး ဒဏ်ရာရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ဇာယူနာရပ်ကွက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံတွင် လွန်ခဲ့သောရက်အနည်းငယ်ကစ၍ ပြန်လည်ဖြစ်ပွားလာသော ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများကြောင့် လူဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အပျက်အစီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# အာကာသသိပ္ပံဗဟိုဌာနတစ်ခု တည်ဆောက်ရေးအတွက် ရုရှားနိုင်ငံက ကျူးဘားနိုင်ငံအား အကူအညီပေးမည်

မော်စကို စက်တင်ဘာ ၁၉

**ရုရှားနိုင်ငံအနေဖြင့်ကျူးဘားနိုင်ငံတွင် အာကာသဆိုင်ရာ ဗဟိုဌာနတစ်ခု ဖွင့်လှစ်နိုင်ရန် အကူအညီပေးသွားမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီအကြီးအကဲက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသွားသည်။**

ရုရှား၊ ဗင်နီဇွဲလားနှင့် ကျူးဘား အရာရှိများသည် ကာရာကက်စ်မြို့တွင် တွေ့ဆုံဆွေးနွေးပြီးနောက် အဆိုပါသတင်း ထွက်ပေါ်လာခြင်းဖြစ်ကြောင်း အီတာတက်စ်သတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံသည် ဗင်နီဇွဲလား၊ ကျူးဘားနိုင်ငံတို့နှင့် ဆက်ဆံရေး တိုးမြှင့်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုနှစ်နိုင်ငံစလုံးသည် အမေရိကန်နိုင်ငံနှင့် ဝါဒရေးရာအရ မသင့်မြတ်သောနိုင်ငံများဖြစ်ကြသည်။ စက်တင်ဘာလအတွင်းက ရုရှားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံသို့ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မဟာဗျူဟာ ဗုံးကြဲလေယာဉ်များကို စေလွှတ်ခဲ့သည်။

ကာရာကက်စ်မြို့တွင် ကနဦးဆွေးနွေးပွဲများ ပြုလုပ်ရာ၌ ကျူးဘားနိုင်ငံတွင် အာကာသဆိုင်ရာ ဗဟိုဌာနတစ်ခုကို တည်ထောင်ဖွင့်လှစ်နိုင်ရန် အကူအညီပေးမည်ဖြစ်ကြောင်း မိမိတို့က ပြောကြားခဲ့ပြီးဖြစ်သည်ဟု ရုရှားအာကာသအေဂျင်စီ အကြီးအကဲ အနာတိုလီပါမီ နေ့ဖ်က ပြောကြားသည်။ မိမိတို့အနေဖြင့် အာကာသဆိုင်ရာ ပစ္စည်းကိရိယာများ အသုံးပြုရေးနှင့် အာကာသဆက်သွယ်ရေးစနစ်များကို ပူးတွဲအသုံးပြုရေးကိစ္စများအား ကျူးဘားတို့နှင့် ညှိနှိုင်းဆွေးနွေးပြီးဖြစ်သည်ဟု ပါမီနေ့ဖ်က ပြောကြားသည်။ ***အမ်အေအင်၊ရိုက်တာ။***

# အမေရိကန်ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ပါကစ္စတန်၌ စစ်သွေးကြွ ငါးဦး သေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၉**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၇ ရက်၌ အမေရိကန်တပ်ဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် စစ်သွေးကြွငါးဦး သေဆုံးကြောင်း ပါကစ္စတန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်သောင်းကျန်းသူများ ကြီးထွားနေခြင်းကြောင့် အမေရိကန်က ယခုလအတွင်း အိမ်နီးချင်းပါကစ္စတန်ရှိ စစ်သွေးကြွများကို ဒုံးကျည်များအသုံးပြု၍လည်းကောင်း၊ ရဟတ်ယာဉ်များ အသုံးပြု၍လည်းကောင်း တိုးမြှင့်တိုက်ခိုက်မှုများ စတင်ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ကမ္ဘာ့ စားနပ်ရိက္ခာတင်သင်္ဘော၏ ခရီးစဉ်ကို ကနေဒါ စစ်သင်္ဘောတစ်စင်းက လိုက်လံစောင့်ရှောက် ပေးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# သီရိလင်္ကာရေတပ်နှင့် သူပုန်များ ရေကြောင်းတိုက်ပွဲဖြစ် အနည်းဆုံး သူပုန် ၂၅ ဦးသေ

**ကိုလံဘို စက်တင်ဘာ ၁၉**

သီရိလင်္ကာအစိုးရ ရေတပ်ဖွဲ့သည် တမီးလ်သူပုန်များနှင့် နိုင်ငံအနောက်မြောက်ပိုင်းရှိ ပင်လယ်ပြင်တွင် အပြင်းအထန် တိုက်ပွဲဖြစ်ပွားရာ မော်တော်ဘုတ်အသေး ခုနစ်စင်းနှင့် အကြီးသုံးစင်းတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ရေတပ်ဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ထိုတိုက်ပွဲတွင် သူပုန် ၂၅ဦး နှင့် ၃၀အကြား သေဆုံးသည်ဟုလည်း ၎င်းက ထပ်မံပြောကြားသည်။

**တိုက်ပွဲများဖြစ်**

သီရိလင်္ကာ အနောက်မြောက်ပိုင်း နတ်ချီကူဒါငါးဖမ်းသင်္ဘော ဆိပ်ကမ်းအနီးတွင် ရေတပ်မှမော်တော်ဘုတ်တစ်စင်းကင်းလှည့်နေစဉ် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ကြောင်း ရေတပ်မှအရာရှိတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***



စက်တင်ဘာ၁၆ရက်က မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့ အခမ်းအနားတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ စစ်ရေးပြချီတက်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ဖိလစ်ပိုင်တပ်ဖွဲ့ သူပုန်စခန်းများကို သိမ်းပိုက်

**မနီလာ စက်တင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိ သူပုန်များ၏ အဓိကလေ့ကျင့်ရေးစခန်းတစ်ခုကို ဖိလစ်ပိုင်တပ်ဖွဲ့များက သိမ်းပိုက်ခဲ့သည်။ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် သူပုန်ခုနစ်ဦးသေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိကြောင်း စစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

**ထိုးစစ်ဆင်**

ကာလာနူဂတ်မြို့တွင် စက်တင်ဘာ ၁၇ရက်က သူပုန်စခန်းများကိုအစိုးရတပ်ဖွဲ့များ ထိုးစစ်ဆင်တိုက်ခိုက်ရာ၌ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း သတင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***



# ကိုယ့်တိုင်းပြည်နှင့် ဝေးသထက်ဝေးအောင် ပြေးနေကြသူများကို ပြည်ပြေးများဟု ခေါ်ပါသည်

နိုင်ငံတစ်ခု၏ ကောင်းကျိုးကို ဖန်တီးနိုင်သော နိုင်ငံရေးသည် အဆိုပါနိုင်ငံတွင်းမှသာ ရှိသည်။

နိုင်ငံတစ်ခု၏ကောင်းကျိုးကိုဖန်တီးနိုင်သော အင်အားသည်အဆိုပါ နိုင်ငံတွင်းမှသာ ရှိသည်။

နိုင်ငံတစ်ခုတွင် တိုင်းတစ်ပါးသားများက ကျူးကျော်စွက်ဖက်နေပြီ ဆိုလျှင် ယင်းတိုင်းတစ်ပါးသားနယ်ချဲ့သမားများကို ဆန့်ကျင်တိုက်ထုတ်ပြီး မိမိတို့နိုင်ငံ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်အောင် ကြိုးပမ်းရမည့်တာဝန်သည် အဆိုပါနိုင်ငံသားတို့၏ သမိုင်းပေးတာဝန်သာ ဖြစ်သည်။

မြန်မာတို့သည် ဗြိတိသျှနယ်ချဲ့တို့၏ လက်အောက်သို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရာ နယ်ချဲ့တို့၏ ဖိနှိပ်ညှဉ်းပန်းမှုကို အလူးအလဲခံခဲ့ရသည်။မြန်မာတို့၏ကမ္ဘာကျော်ကျွန်းသစ်၊ပျဉ်းကတိုးစသည့်အဖိုးတန်သစ်များကို ဗြိတိသျှဘုံဘေဘားမားကုမ္ပဏီက လက်ဝါးကြီးအုပ် ထုတ်ယူသူဌေးဖြစ်သွားခဲ့သည်။ စတီးဘရားသား၊ ဘူလင်ဂျာပူးလ်စသည့်ဗြိတိသျှ မျက်နှာဖြူ ကုမ္ပဏီများက မြန်မာတောင်သူလယ်သမားများ ကုန်းရုန်းစိုက်ပျိုးထွက်ရှိသော စပါး၊ ကောက်နှံ၊ ပဲမျိုးစုံ၊ ဝါဂွမ်း၊ ဂုန်လျှော် စသည်တို့ကို မြန်မာတို့ထံမှ ဈေးနှိမ်ဝယ်၊ ပြည်ပသို့ ဈေးကောင်းမြင့် တင်ပို့ကာ သူကြွယ်ဖြစ်သွားခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့၏ ဘီအိုစီကုမ္ပဏီက မြန်မာ့ရေနံမြေများမှ ရေနံများကိုထုတ်ယူပြီး စီးပွားဖြစ်သွားခဲ့ကြသည်။ ဘားမားကော်ပိုရေးရှင်းကဲ့သို့ မျက်နှာဖြူသတ္တုကုမ္ပဏီများက မြန်မာ့မြေအောက်သယံဇာတဖြစ်သည့် ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ ခဲ၊ သံစသည့် ဓာတ်သတ္တုများဖြင့် ကမ္ဘာ့သူကြွယ်စာရင်း၌ ထိပ်ဆုံးရောက်သွားခဲ့သည်။ မြန်မာတို့ကား ဖွတ်ကျောပြာစု၊ ခရုဆန်ကျွတ်ဘဝဖြင့် ဆင်းရဲမွဲတေခဲ့ရသည်။

ထို့ကြောင့် တိုင်းရင်းသားစုံမျိုးချစ်များက နယ်ချဲ့တို့လက်မှ မြန်မာ့လွတ်လပ်ရေးကို နည်းမျိုးစုံဖြင့် အသက်သွေးချွေးရင်းကာ တိုက်ယူခဲ့သည်။ ရေနံမြေ အလုပ်သမားအရေးတော်ပုံ၊ တောင်သူလယ်သမားအရေးတော်ပုံ၊ ပညာရေးတိုက်ပွဲများ၌ သွေးမြေကျခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်ဖြစ်လုနီးအချိန်၌ မြန်မာလူငယ်သုံးဆယ် ပြည်ပသို့ထွက်ခွာသွားခဲ့သည်။ နယ်ချဲ့တို့ထံမှ မြန်မာ့လွတ်လပ်ရေးကို ပါးစပ်ဖြင့် ပြန်တောင်း၍ ရနိုင်မည်မဟုတ်၊ နယ်ချဲ့တို့သည် သူတစ်ပါးနိုင်ငံကို ကျွန်ပြုသွေးစုပ်သည့် အရသာကို မဖြတ်နိုင်ကြတော့မှန်း သိလာသည်။ ထိုအသိအရ နယ်ချဲ့ကိုလက်နက်ကိုင် တိုက်ထုတ်ရန်၊ စစ်ပညာနှင့် လက်နက်ရှာဖွေရန် မြန်မာလူငယ်သုံးဆယ် ပြည်ပသို့ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။

နယ်ချဲ့ဗြိတိသျှအစိုးရကို မြန်မာတို့က ဓား၊ လှံ၊ လေးမြားလောက်၊ ဝါးရင်းတုတ်လောက်နှင့်တိုက်၍ မရနိုင်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်သည် ဂျပန်မီနာမီကန်းအဖွဲ့နှင့်ဆက်သွယ်မိပြီး ဂျပန်တို့ထံမှ စစ်ပညာသင်သည်။ လက်နက်အကူအညီယူသည်။ ရဲဘော်သုံးကျိပ်နှင့် ဘီအိုင်အေ(ခေါ်)မြန်မာ့လွတ်လပ်ရေးတပ်မတော်က ဒုတိယကမ္ဘာစစ် စတင်သည်နှင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့သည်။

**နိုင်ငံတစ်ခု၏ ကောင်းကျိုးကို ဖန်တီးနိုင်သော နိုင်ငံရေးသည် အဆိုပါနိုင်ငံတွင်းမှသာ ရှိသည်။**

**နိုင်ငံတစ်ခု၏ ကောင်းကျိုးကို ဖန်တီးနိုင်သောအင်အားသည် အဆိုပါနိုင်ငံတွင်းမှသာ ရှိသည်။**

**နိုင်ငံတစ်ခုတွင် တိုင်းတစ်ပါးသားများက ကျူးကျော် စွက်ဖက်နေပြီဆိုလျှင် ယင်းတိုင်းတစ်ပါးသားနယ်ချဲ့သမားများကို ဆန့်ကျင်တိုက်ထုတ်ပြီး မိမိတို့နိုင်ငံ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်အောင် ကြိုးပမ်းရမည့်တာဝန်သည် အဆိုပါနိုင်ငံသားတို့၏ သမိုင်းပေးတာဝန်သာဖြစ်သည်။**

သို့တိုင် ဖက်ဆစ်တို့နှင့်လူပေါင်းမှားခဲ့သည်။ ဖက်ဆစ်တို့၏သုံးနှစ်သုံးမိုးနှိပ်စက်မှုဒဏ် ခံရသဖြင့် မြန်မာတော်လှန်ရေးသမားများကပင် ဖက်ဆစ်တို့ကို ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် တော်လှန်တိုက်ထုတ်ခဲ့သည်။ ဖက်ဆစ်တို့ကို တိုက်ထုတ်ရာ၌ အကူအညီရရန် အိန္ဒိယသို့သွားကာ အင်္ဂလိပ်တို့နှင့်ဆက်သွယ်၍ အကူအညီရယူခဲ့သည်။ ဖက်ဆစ်အပြေး အင်္ဂလိပ်ပြန်ဝင်လာသောအခါ မြန်မာတို့သည် ပြည်တွင်း(ပြည်သူ့) အင်အားဖြင့်ပင် လုံးဝလွတ်လပ်ရေး ပြန်လည်ရယူခဲ့သည်။ မည်သို့ပင်ဆိုစေ ဖက်ဆစ်တို့နှင့် ပေါင်းခဲ့ရသည်မှာ နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ထုတ်ရန်ဖြစ်ပြီး စစ်တွင်းကာလ အင်္ဂလိပ်တို့နှင့် ဆက်သွယ်ခဲ့ရသည်မှာ ဖက်ဆစ်များကို အမြန်ဆုံး မောင်းထုတ်နိုင်ရန်ဖြစ်သည်။ ယင်းဆက်သွယ်မှုနှစ်ခု၏ မဟာဗျူဟာမှာ မြန်မာတို့ လွတ်လပ်ရေး ပြန်လည်ရရှိဖို့သာ ဖြစ်သည်။

၁၉၁၇ ခုနှစ်က လီနင်ခေါင်းဆောင်သော ဘော်လ်ရှီဗစ် (ဆိုရှယ်လစ်) တော်လှန်ရေးသမားများက ကမ္ဘာ့မြေပြင်၏ ခြောက်ပုံတစ်ပုံခန့် ကျယ်ပြောသော ရုရှားနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့ရာ ဇာဘုရင်မျိုးနွယ်များ၊ ကြားဖြတ်အစိုးရခေါင်းဆောင်နှင့် နောက်လိုက်များသည် လီနင်၏ ဘော်လ်ရှီဗစ်(လူများစု) ပါတီနှင့် သဘောထားကွဲခဲ့ကြသည်။ မင်ရှီဗစ် (လူနည်းစု) ခေါင်းဆောင်ဖြစ်ကာ ဆိုရှယ်လစ်တည်ဆောက်ရေးကို ဆန့်ကျင်သည့် ထရော့စကီးတို့သည် ပြည်ပအားကိုးပြီး ပြည်ပသို့ ထွက်ပြေးခဲ့ကြသည်။ အနောက် အရင်းရှင်နယ်ချဲ့နိုင်ငံများ၏ အကူအညီဖြင့် ရုရှားကို ပြန်လည်သိမ်းပိုက်စိုးမိုးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြပြီး ကမ္ဘာ့အစောဆုံး ပြည်ပြေးဇာတ်ခင်းခဲ့ကြသည်။

ထရော့စကီးကား မက္ကဆီကိုတွင် ခိုလှုံနေစဉ် ဆိုဗီယက်ကေဂျီဘီထောက်လှမ်းရေးအဖွဲ့၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရပြီး ပြည်ပြေးဇာတ်သိမ်းခဲ့သည်။ အနောက်နိုင်ငံများကလည်း ရုရှားပြည်ပြေးများကို

## သတင်းထောက်သက်ရှည်

ဆိုဗီယက်အစိုးရဆန့်ကျင်ရေးလုပ်ငန်းများ၌ သုံး၏။ မသေထမင်း၊ မသေဟင်းလောက် ထောက်ပံ့ကာ အသုံးချ၏။ မွေးရင်ပန်၊ နံ့ရင်ပစ်တတ်သော နယ်ချဲ့တို့၏ အကျင့်အတိုင်း ဆိုဗီယက်ပြည်ထောင်စုကို ထိရောက်စွာ တိုက်ခိုက်ပေးနိုင်စွမ်းမရှိတော့သည့်အခါ ရုရှားပြည်ပြေးများကို ချောင်ထိုးထားလိုက်တော့သည်။ ဇာဘုရင်မျိုးနွယ်များ ပြင်သစ်နိုင်ငံ ပါရီမြို့တော် ဟိုတယ်များ၌ စားပွဲထိုးလုပ်စားနေခဲ့ကြရသည်။ ပြည်တွင်းတော်လှန်ရေးကို ပြည်တွင်းမှာပင် ပြည်သူ့အင်အားဖြင့် မဆောင်ရွက်ဘဲ ပြည်ပအားကိုးပြီး ပြည်ပြေးဘဝခံယူသူတို့၏ ဇာတ်သိမ်းမကောင်းလှသော သာဓကများကား များလှချေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်နှင့် ကာနယ်တူးလောက်၊ သတင်းထောက်ကင်းဘဲလ်တို့၏ အားကိုးဖြင့် အင်္ဂလန်၊ အမေရိကန်တို့ထံမှ ငွေကြေး၊ လက်နက်မျှော်ကိုး ပုန်ကန်သော ကေအင်န်ဒီအိုသည် နောင်ကေအင်န်ယူဘဝရောက်ပြီး ယနေ့တိုင် တစ်ဖက်နိုင်ငံ၌ တွယ်ကပ်ကာ လုံးပါးပါးနေရပြီဖြစ်သည်။ သူတို့၏ ပြည်ပအားကိုး (ပြည်ပြေး တစ်ပိုင်း၊ သောင်းကျန်းမှုတစ်ပိုင်း) သက်တမ်းကလည်း နှစ်ပေါင်း ၆၀ ကျော်ပေပြီ။

ပြည်ပအားကိုးပြီး ပြည်ပြေးဇာတ်ခင်းသော မြန်မာနိုင်ငံမှ သောင်းကျန်းသူမှန်သမျှသည် ဇာတ်သိမ်းမကောင်းကြပေ။ ၁၉၆၉ခုနှစ် နှောင်းပိုင်းတွင် ဦးနု၊ ဦးလောရုံတို့၏ ပြည်ပြေးအဖွဲ့ကြီး ပေါ်လာခဲ့သည်။ တစ်ဖက်နိုင်ငံတွင် အခြေစိုက်ကာ အမေရိကန်စီအိုင်အေ၏ အထောက်အပံ့၊ လက်ရှိသောင်းကျန်းသူအဖွဲ့များ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကို နေ့ချင်း၊ ညချင်း တိုက်သိမ်းယူတော့မယောင် လက်ဝှေ့ရေးပြခဲ့ကြသည်။ သို့သော် ရက်ပိုင်း၊ လပိုင်းအတွင်း ဦးနုရော၊ ဦးလောရုံပါ ပြည်ပြေးလုပ်ရပ်ကို လက်မြှောက်သွားခဲ့ရသည်။

ဦးနု၏သား မောင်အောင်၊ သန်းထိုက်၊ ဦးချမ်းသာ၏သား ရဲကျော်သူ၊ ဦးဝင်း၏သား တင်မောင်ဝင်းတို့ ပြည်ပြေးဘဝ၌ ဆက်လက်လှုပ်ရှားခဲ့ကြသည်။ အဓိကအားဖြင့် လန်ဒန်၊ ဝါရှင်တန်တို့တွင် တွယ်ကပ်နေနိုင်ရုံလောက်သာ အမိမြန်မာနိုင်ငံကို ပြန်ဆန့်ကျင်ပြနေခဲ့ကြရသည်။ ယနေ့ ရဲကျော်သူ၊ တင်မောင်ဝင်းတို့ တစ်ဖက်နိုင်ငံသို့ လာရောက်နေထိုင်ရင်း ချို့ချို့ငဲ့ငဲ့ဖြင့် ဘဝနိဂုံးချုပ်သွားခဲ့ကြပြီဖြစ်သည်။ သူတို့ကို CRDB၊ တစ်ကျော့ပြန်ပြည်ပြေးများဟု ခေါ်ကြသည်။ အရွယ်ရင့်၊ အစွမ်းအစ ညှိုးလာသဖြင့် နံ့ရင်ပစ်သော နယ်ချဲ့အမှိုက်ပုံးထဲ ရောက်သွားကြ၏။

ပဲခူးရိုးမ မြရာပင်ကျောမှ နယ်စပ်သို့ ထွက်ပြေးသွားရသော ဗကပ (ဗမာပြည် ကွန်မြူနစ်ပါတီ)သည် ပြည်ပအားကိုးကာ ပြည်ပြေးဘဝဖြင့် နယ်စပ်အကြိုအကြားကပ်နေခဲ့၏။ လက်တွေ့၌ ကျောက်စိမ်းမှောင်ခို၊ ဘိန်းမှောင်ခိုဘဝဖြင့် ရပ်တည်ခဲ့ရ၏။ ပြည်ပက စွန့်ပစ်ခံရပြီး ပြည်သူ၏ အော့ကြောလန်မှုခံရသော ဗကပသည် ယနေ့ကြေပြုန်းသွားပြီ ဖြစ်သည်။ ကောက်သင်းကောက်မျှသာ ကျန်ရစ်သည့် ကွန်မြူနစ် တစ်ဦးစ၊ နှစ်ဦးစသည်လည်း နယ်ချဲ့မီဒီယာ BBC၊ VOA တို့ဖြင့် ဗျူးစားနေရပေသည်။

၁၉၈၈ ခုနှစ် မင်းမဲ့စရိုက်လွှမ်းကဲသော တိုင်းဆူပြည်ဖျက် ဆူပူမှုပြိုကွဲသွားသောအခါ ပြည်တွင်းမှ ဒီမိုကရေစီခေါင်းဆောင် ဆိုသူများက နယ်စပ်သောင်းကျန်းသူစခန်းများနှင့်တစ်ဖက်နိုင်ငံသို့ လူငယ်လူရွယ်များစွာကို တွန်းပို့ခဲ့ကြသည်။ ပြည်ပကလည်း လက်ယပ်ခေါ်ကာ မြန်မာ့ပြည်ပြေးမွေးမြူရေးခြံများ၊ တင်းကုပ်များ တည်ထောင်ပေးခဲ့ကြသည်။ နယ်ချဲ့အသုံးချခံရဆဲ ပြည်ပြေးများ ယခုအခါ ဝါရှင်တန်၊ လန်ဒန်၊ အော့စလိုစသည့် အနောက်အုပ်စုဝင် နိုင်ငံမြို့ကြီးများသို့ ရောက်သွား၏။ ယင်းနိုင်ငံများသို့ ရောက်ပြီးမှ အသုံးမတည့်သော ပညာတစ်ပိုင်းတစ်စ ပြည်ပြေးများလည်း ဘေးရောက်နေရ၏။ နယ်စပ်နှင့်တစ်ဖက်နိုင်ငံတွင်း၌ တွယ်ရာမဲ့ဘဝဖြင့် ဘဝပျက်နေရသော ပြည်ပြေးအမျိုးသား၊ အမျိုးသမီးများ၏ ရင်နာဖွယ်သတင်းများ ကြားနေရ၏။

**ပြည်ပြေးများရှိနေသေးသည်ကို သက်သေပြရန် BBC၊ VOA၊ RFA၊ DVB တို့တွင် ပြည်ပြေးများကို အလုပ်ပေးထားကာ ကိုယ့်အမိနိုင်ငံ ပြန်တိုက်ခိုင်းထား၏။ ရဲဘော်သုံးကျိပ်သည် နယ်ချဲ့ကို တိုက်ထုတ်ပြီး မြန်မာ့လွတ်လပ်ရေးပြန်ယူရန် အခြေအနေအရ ပြည်ပသို့ ခေတ္တထွက်ခွာကာ စစ်ပညာအကူအညီယူခဲ့သည်။ ယနေ့ ပြည်ပြေးများကဲ့သို့ နယ်ချဲ့အကြိုက်လုပ်ပေးရင်း ကိုယ့်နိုင်ငံ ကျွန်ပြန်ဖြစ်အောင် ပြည်ပအားကိုး မှီခိုခဲ့ခြင်းမဟုတ်ပေ။ ယနေ့ ပြည်ပြေးတို့၏ ဘဝကား လွတ်လပ်ရေးလမ်းကြောင်းကို ပြောင်းပြန်ပြန်လျှောက်နေရသည့် ဘဝပေ။** နံ့ရင်ပစ်ခံရသော ပြည်ပြေးများ ထောင်သောင်းချီပေပြီ။ မနံသေး၍ အပစ်မခံရသေးသော ပြည်ပြေးအချို့သာ ထောင်ထောင်၊ထောင်ထောင်နှင့် ကိုယ့်နိုင်ငံကိုယ် ပြန်အပုပ်ချနေနိုင်ခြင်းဖြစ်သည်။ **ကမ္ဘာ့နိုင်ငံရေး သမိုင်းနှင့်ချီပြီးပြောရလျှင် ပြည်ပြေးဟူသည် ပြန်လမ်းမရှိသူများ၊ အနာဂတ်မရှိတော့သူများသာဖြစ်သည်။**

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ နှစ်တစ်ရာကျော် အုပ်ချုပ်သွားသည်။ နယ်ချဲ့ကျူးကျော်စမှာပင် အချုပ်တန်းဆရာဖေ၏ တေးထပ်တွင် ပါသကဲ့သို့ "မိပစ်လို့ ဖရှောင်သွေ့သည်၊ ဝှကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး" ဟူသော နိုင်ငံခြားသား ပထွေးသစ် ရှာလိုသူများ၊ "ပြောရော့ဟဲ့ ရာဇဝင်ပြောင်အောင်၊ စာဇင်တောင် ဦးချလို့၊ ပလူးကြပြေးကြို့ခါခါ၊ ခွေးသို့ပမာ" ဟူသော နယ်ချဲ့အလိုတော်ရိများ ပေါ်ခဲ့ဖူးသည်။ စကားပြန်မောင်ဘသန်းကဲ့သို့ နယ်ချဲ့တို့၏ သင်္ဘောဦးတွင် ထိုင်လိုက်ကာ နယ်ချဲ့လမ်းပြလုပ်သော အမျိုးသားသစ္စာဖောက်မျိုး ပေါ်ခဲ့ဖူးသည်။

အင်္ဂလိပ်ခေတ် ပညာတတ်ကြီးအချို့၊ အင်္ဂလိပ်ခေတ် ငွေကြေးကြွယ်ဝသူအချို့၊ မြေရှင်အချို့က ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်၍ မြန်မာအစိုးရ အုပ်ချုပ်တော့မည်ဆိုသည်နှင့် မြန်မာအစိုးရ လက်အောက်မနေလိုဟုဆိုကာ အနောက်နိုင်ငံများသို့ တန်းစီထွက်ခွာသွားခဲ့ကြသည်။ ထိုသူတို့သည် ပညာလည်းတတ်၊ ငွေကြေးနှင့် ရွှေငွေ၊ ရတနာ တစ်ထုပ်တစ်ပိုးနှင့် အနောက်သို့ ရောက်သွားသဖြင့် ချောင်ချောင်လည်လည် နေထိုင်နိုင်ခဲ့ကြသေးသည်။ သို့သော် သူတို့သည် နယ်ချဲ့သွေးစုပ်၍ မြော့မြော့သာ ကျန်သော ကိုယ့်အမိနိုင်ငံ လွတ်လပ်ပြီ၊ ကိုယ့်နိုင်ငံ တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားလိုက်မည်ဆိုသောတာဝန်သိ မြန်မာလူမျိုးဘဝကိုကား ဆုံးရှုံးခဲ့ရသည်။ အချို့အသက်ကြီးလာမှ ကိုယ့်နိုင်ငံ ကိုယ်ပြန်လွမ်းပြီး ခရီးသည်ပြည်ဝင်ခွင့်(ဗီဇာ)ဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသေးသည်။ သို့သော် လွမ်းရုံသာလွမ်းနိုင်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ အကျိုးစီးပွားကို ပစ်ပယ်ခဲ့ကြသူများအတွက် နောင်တမှတစ်ပါး အခြားမရှိနိုင်ပေ။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရက မြန်မာနိုင်ငံတွင် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မည်ဆိုသောအခါ အရင်းရှင်၊ မြေရှင် စိတ်ဓာတ်ပြင်းထန်သူများ၊ ငွေရှင်၊ မြေရှင်အချို့သည် အနောက်နိုင်ငံများသို့ ထွက်သွားကြပြန်၏။ အပြီးအပိုင် ထွက်ခွာသွားကြခြင်းဖြစ်သည်။ သူတို့တွင် ဆိုရှယ်လစ်စနစ်ကို မကြိုက်ခြင်း၊ ကိုယ့်မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုနောက်ကျရသည်မှာ နယ်ချဲ့သွေးစုပ်မှုကြောင့်၊ ပြည်တွင်း သောင်းကျန်းမှုကြောင့်ဟု အဖြေမှန်မရှာဘဲ မြန်မာနိုင်ငံထက် အနောက်နိုင်ငံများက ခမ်းနားသည်၊ အဆင့်အတန်းမြင့်သည်ဟု ရှုမြင်အားကျခြင်းများကြောင့် အနောက်နိုင်ငံကြီးများ၏ နိုင်ငံသားအဖြစ် ခံယူကာ ဇာတိချက်ကြွေ မွေးရပ်မြေကို မေ့နေလိုက်ကြပေတော့သည်။

၁၉၇၀ ပြည့်နှစ်ဝန်းကျင် ပြည်ပြေးများတွင် ပညာတတ်သူအချို့ပါခဲ့သည်။ သို့သော်အာဏာငန်းဖမ်းခံရသူများပီပီ အာဏာနိုင်ငံရေးမှန်ကာ ကိုယ့်နိုင်ငံကိုယ်ပြန်ဖျက်ရန်၊ တိုင်းပြည်ကိုလက်ညှိုးထိုးရောင်းစားရန် ကြံခဲ့ကြသူများဖြစ်၍ ဇာတ်သိမ်းမကောင်းခဲ့ကြခြင်းဖြစ်သည်။

**၁၉၈၈ခုနှစ်မှစတင်သောပြည်ပြေးများကားအများစုမှာ ၁၀တန်းပင် မအောင်၊ အလယ်တန်းပညာလောက်ဖြင့် ပြည်ပြေးသူများ၊ စာမတတ်ဘဲ ပြည်ပ၌ အနေချောင်မည်ဟု တွက်ကာ ပြေးသူများ၊ ပြည်တွင်း၌ ရာဇဝတ်မှုခင်းများကျူးလွန်၍ ဝရမ်းထုတ်ခံထားရသော ပြည်ပြေးများက အများစုဖြစ်သည်။ ကြံုရာကျပန်း၊ ကိုယ့်ဝမ်းကိုယ်ကျောင်းရင်း အမိနိုင်ငံရင်ခွင်သို့ ပြန်မဝင်ရဲဘဲ ပြည်ပ၌ ဘဝပျက်နေကြရသည်။**

ဩော်---ပြည်ပြေးဆိုသည်မှာ ပြည်နှင့်ဝေးရာသို့ ပြေးသွားကြရသူများပါတကား။ တစ်နည်းအားဖြင့် ပြန်လမ်းမရှိအောင် အမိနိုင်ငံကို ကျောခိုင်းလျှောက်နေကြသူများပါတကား။ ။

# တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် စပါးခင်း၊ လက်ဖက်စိုက်ခင်းများနှင့် ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် စက်တင်ဘာ ၁၇ရက် နံနက် ၈ နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာရှိ နယ်မြေခံတပ်ရင်းမှ စိုက်ပျိုးထားရှိသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ အထွက်နှုန်း ပိုမိုတိုးတက်အောင် စိုက်ပျိုးရန် မှာကြားသည်။**

ထို့နောက် (Skywings) စိုက်ပျိုးရေးကုမ္ပဏီမှ အပင်တစ်ပင်ကြား ခြောက်ပေ၊ အတန်း တစ်တန်းကြား ကိုးပေနည်းစနစ်ဖြင့် စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများနှင့် ကြက်ဆူပျိုးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက ကြက်ဆူစိုက်ခင်းများအတွင်းတွင် အပိုဝင်ငွေရရှိစေမည့်ကြားသီးနှံများကို ရာသီအလိုက် ထည့်သွင်း စိုက်ပျိုးသွားရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးရွာ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာ မူလတန်းလွန်ကျောင်းအတွက် လျှုဒါန်းငွေကျပ်တစ်သိန်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ကျေးရွာဆေးပေးခန်းနှင့် သားဖွားခန်းအတွက် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းတွင် စိုက်ပျိုးထားရှိသော လက်ဖက်စိုက်ခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နေပြည်တော်လယ်ဝေး သစ်ကြိမ်းကျေးရွာသို့ သွားရောက်၍ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် တောင်ငူခရိုင်တို့ကို ဆက်သွယ်ထားသည့် ခရိုင်ချင်းဆက်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

**စိုက်ပျိုးမည်**

နေပြည်တော်ပျဉ်းမနားခရိုင်အတွင်း (Skywings) စိုက်ပျိုးရေးကုမ္ပဏီမှ ခြံစည်းရိုးကြက်ဆူဧက ၇၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခု ၂၀၅ ဧက စိုက်ပျိုးပြီးစီးကာ လာမည့်နှစ်တွင် ဧက ၁၀၀၀ ခန့် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် စက်တင်ဘာ ၈ရက်က လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းတွင် တိုင်းရင်းသူများ လက်တွေ့လေ့ကျင့် သင်ကြားနေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က တွံတေးမြို့ အခြေခံပညာ အထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက “ရည်မှန်းချက် ရှိရမယ်”ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်ပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်ထွေးက တွံတေးမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးရွာစာကြည့်တိုက်များအတွက် သုတရသစာအုပ်မျိုးစုံ ၁၀၀ကို ပေးအပ်လှူဒါန်းရာ **(ဝဲပုံ)**မြို့နယ်ဦးစီးမှူး ဦးအေးသောင်းက လက်ခံရယူသည်။ (မြို့နယ်ပြန်/ဆက်)


**သတိပေးနှိုးဆော်ချက်**

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စားမောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုံ့ဆော်ရေး စာတမ်း

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်**

(၂၃-၉-၂၀၀၈ မှ ၂၉-၉-၂၀၀၈)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၆-လမှ ၅-နှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသူအမျိုးသမီးတိုင်း သံဓာတ်အားဆေး မှီဝဲပါ။

အသက် ၆ လ အထိမိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးပါ။

အသက်၂နှစ်မှ၅နှစ်အောက်ကလေးများနှင့်မူလတန်းအရွယ်ကလေးများအား၆လတစ်ကြိမ်သန်ချဆေးတိုက်ပါ။

ကိုယ်ဝန်၃လအထက်ကိုယ်ဝန်ဆောင်များအားသန်ချဆေးတစ်ကြိမ်တိုက်ပါ။

ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး ၃လ အထိဗီတာမင်ဘီဝမ်းဆေးပြားတိုက်ကျွေးပါ။

အသက်အရွယ်မရွေးအာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef


# ဖျာပုံမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် လှည့်လည်စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဖျာပုံမြစ်တစ်လျှောက် မြစ်တန်း၊ အခြာလေးစသော ကမ်းနားနေကျေးရွာများ၌ ဒေသခံရေလုပ်ငန်း လုပ်ကိုင်ကြသူများ၏ မူလလုပ်ငန်းခွင် ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ကမ်းဝေးငါးဖမ်းဖောင်များဖြင့် ရေလုပ်ငန်းလုပ်ကိုင်နေမှု၊ ငါးဖမ်းစက်လှေများ ပုံမှန်ဝင်ရောက်ထွက်ခွာနေမှု အခြေအနေများကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကနိကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မူကြိုကလေးငယ်များ ပြုစုစောင့်ရှောက်မှုလုပ်ငန်းကို ကြည့်ရှုအားပေးပြီး ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စာသင်ခန်းမအတွင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ သင်ကြားရေး အထောက်အကူပြု စာရေးကိရိယာများကို ကျောင်းအုပ်ကြီးထံ ပေးအပ်ပြီး စာသင်ခန်းအတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှုကို လိုက်လံကြည့်ရှု အားပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည်ကနိကျေးရွာပရဟိတဂေဟာသို့ ရောက်ရှိကြပြီး ဂေဟာရှိ ကလေးသူငယ် ၉၇ ဦးအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျေးလက်ကျန်းမာရေးဌာနခွဲ ကျေးရွာဆေးပေးခန်းအတွက် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ပရဟိတဂေဟာ ဧည့်ခန်းမ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဒေသခံများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ နိုင်ငံတော်က လေဘေးသင့်ဒေသများ ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေါ်ညိမ်းကျေးရွာသို့ ရောက်ရှိပြီး အမာမြို့နယ် ဒေါ်ညိမ်းကျေးရွာအုပ်စုမှ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ၊ ဆားချက်တောင်သူများ၊ ဒေသခံလယ်သမားများနှင့် တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် ကျေးရွာ အထက်တန်းကျောင်းသစ် မွမ်းမံပြီးစီးမှုအခြေအနေများကို လိုက်လံစစ်ဆေးကာ ကျောင်းသုံး ပစ္စည်းများကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ မွမ်းမံပြီးစီးမှု အခြေအနေကို စစ်ဆေးပြီး ဆေးပေးခန်းအတွက် လိုအပ်သော ဆေးဝါးများကိုလည်းကောင်း ပံ့ပိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည်ကျုံကဒွန်းကျေးရွာ အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် တိုက်နယ်ဆေးရုံ ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မီးသတ်ဦးစီးဌာန စက်ပြင်သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ စက်ပြင်သင်တန်းအမှတ်စဉ် (၁၅/၂၀၀၈)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ အဆိုပါစက်ပြင်သင်တန်းကို ဩဂုတ် ၁၁ ရက်မှ စက်တင်ဘာ ၁၉ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၈ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ချစ်သူနှစ်ဦးရဲ့မနက်ဖြန် (ဒွေး၊ စိုင်းစိုင်းခမ်းလှိုင်၊ နန္ဒာလှိုင်)**
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁၃း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၁၄း၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာသရုပ် ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၇)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း (စိတ်၏စေရာ-၃၀၂) (အပိုင်း-၁)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။





## ကြည့်ရှုအားပေး

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

### ✳ ရှေ့ဖုံးမှ

ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ဒုတိယဆုရ အလုပ်သမားဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ပထမဆုရ အားကစားဝန်ကြီးဌာနအသင်းအားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အကောင်းဆုံး ဂိုးသမားဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁) ဝေလင်းထွန်း၊ အကောင်းဆုံး နောက်တန်းဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၇) ဇော်ဝင်းထွဋ်၊ အကောင်းဆုံးအလယ်တန်းဆုရ အလုပ်သမားဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၆) ဇော်မင်းထွေး၊ အကောင်းဆုံး ရှေ့တန်းဆုရ အားကစားဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၀) ကျော်ကိုကိုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ အားကစားဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၄) မင်းမင်းသူတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက အသန့်ရှင်းဆုံးအသင်းဆုရ အားကစားဝန်ကြီးဌာနအသင်းအား ဆုဖလားနှင့် ငွေသားဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က စတုတ္ထဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် တတိယဆုရ ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းတို့အား ငွေသားဆုများကိုလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဒုတိယဆုရ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ အားကစားဝန်ကြီးဌာနအသင်းတို့အား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိသွားသော အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ပေးအပ်ချီးမြှင့်

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ဒုတိယဆုရရှိသွားသော အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းအား ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



### ❁ မြန်မာနိုင်ငံမှ

မြန်မာနိုင်ငံမှာ လက်ရှိသဘာဝထိန်းသိမ်းရေး နယ်မြေ ၃၈ ခုရှိပြီး ဧရိယာအားဖြင့် ၁၂၃၄၅ စတုရန်းမိုင်ရှိပါတယ်။ နိုင်ငံအကျယ်အဝန်းရဲ့ ၄ ဒသမ ၇၂၅ ရာခိုင်နှုန်း ရှိနေပြီ ဖြစ်ပါတယ်။ ရေရှည်မှာ နိုင်ငံတော်အကျယ်အဝန်းရဲ့ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့တည်ထောင်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

#### သဘာဝခရီးသွားလုပ်ငန်း

သဘာဝထိန်းသိမ်းရေး နယ်မြေများကနေ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရစေနိုင်ရန် သဘာဝခရီးသွား လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ ပြုပြင်စရာ မလိုဘဲ ပင်ကိုသဘာဝကပင် ရေ၊ မြေ၊ တောတောင်အလှ သားငှက် တိရစ္ဆာန်များနှင့် သဘာဝ သယံဇာတများ ကြွယ်ဝသည့်အလျောက် ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားမှုရှိမယ့် အလားအလာကောင်း လုပ်ငန်းကောင်းများ ရှိပါတယ်။

သဘာဝထိန်းသိမ်းရေး နယ်မြေများအနက်မှ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွင့်လှစ်ဆောင်ရွက်နေတဲ့ စခန်းတွေကတော့-

(၁) လော်ကားဥယျာဉ်
(၂) ရန်ကုန်တိရစ္ဆာန်ဥယျာဉ်
(၃) မိုးယွန်းကြီးဘေးမဲ့တော
(၄) မိန်းမလှကျွန်း ဘေးမဲ့တော
(၅) အင်းလေးကန် ဘေးမဲ့တော
(၆) ရွှေစက်တော်ဘေးမဲ့တော
(၇) ပုပ္ပားတောင်ဥယျာဉ်
(၈) အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်
(၉) ချပ်သင်းဘေးမဲ့တော
(၁၀) နတ်မတောင် အမျိုးသားဥယျာဉ်
(၁၁) ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်
(၁၂) ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်
(၁၃) အင်းတော်ကြီး ဘေးမဲ့တော
(၁၄) မြိုင်ဟေဝန် ဆင်စခန်းတို့ဖြစ်ပါတယ်။

အထက်ဖော်ပြပါ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအနက် မြန်မာနိုင်ငံ မြောက်ဘက်ဆုံးရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဟာ အလွန်ထူးခြားစိတ်ဝင်စားဖွယ် ကောင်းလှပါတယ်။ မကြာမီကာလအတွင်းမှာ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်မှာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော ကမ္ဘာ့အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ် ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။

#### ခါကာဘိုရာဇီအမျိုးသားဥယျာဉ်

ခါကာဘိုရာဇီတောင် တည်ရှိရာဒေသကို သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ ထိန်းသိမ်းရေးလုပ်ငန်းများ အလေးထားဆောင်ရွက်နိုင်ဖို့ သစ်တောဦးစီးဌာနက ၁၉၉၈ ခုနှစ်က စတင်ပြီး အမျိုးသားဥယျာဉ်အဖြစ် ကြေညာခဲ့ပါတယ်။

ဥယျာဉ် တည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့-

(၁) ဟိမဝန္တာ အရှေ့ဖျားဒေသ ဇီဝမျိုးစုံ၊ မျိုးကွဲ ထိန်းသိမ်းရေးနှင့် ၎င်းတို့ကျက်စားရာ သဘာဝ ပတ်ဝန်းကျင်နှင့် သက်ရှိ သက်မဲ့ ဂေဟစနစ်အား ထိန်းသိမ်းကာကွယ်ဖို့။
(၂) ရောဝတီ မြစ်ဖျားခံရာ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ဖို့။
(၃) ဘာသာရပ်ဆိုင်ရာ သုတေသန လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပြီး မှတ်တမ်းမတင်ရသေးသော ဇီဝမျိုးစိတ်နှင့် ဇီဝမျိုးစိတ်သစ် ဖော်ထုတ်မှတ်တမ်းတင်သွားဖို့။
(၄) ဇီဝမျိုးစုံ၊ မျိုးကွဲနှင့် ၎င်းတို့ကျက်စားရာ သဘာဝ ပတ်ဝန်းကျင် ဂေဟစနစ် မထိခိုက်စေဘဲ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားအား အထောက်အကူပြုသွားစေဖို့ဖြစ်ပါတယ်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် တည်ရှိတဲ့နေရာကတော့ မြန်မာနိုင်ငံ မြောက်ဘက်စွန်း ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်မှာ ဖြစ်ပါတယ်။

ခရီးသွားမယ်ဆိုရင် မြစ်ကြီးနားအထိကို လေယာဉ်နဲ့ဖြစ်ဖြစ်၊ ကားနဲ့ဖြစ်ဖြစ်၊ ရထားနဲ့ဖြစ်ဖြစ် သွားနိုင်ပြီး မြစ်ကြီးနားကနေ ပူတာအိုကိုတော့ လေယာဉ်နဲ့ သွားရပါမယ်။ ပူတာအို ရောက်ပြီးရင်တော့ ဥယျာဉ်တောင်ဘက် နယ်နိမိတ် အဝင်စခန်း(ပန်နန်းဒင်)ကို ခရီး မိုင် ၈၀ သွားရပါမယ်။ ရွာကိုပဲ သွားမယ်ဆိုရင်တော့ ခရီး ၄၃ မိုင် ရှိပါတယ်။

ဥယျာဉ်ကြီးရဲ့ အကျယ်အဝန်းကတော့ စတုရန်းမိုင် ၁၄၇၂ ကျယ်ဝန်းပါတယ်။ ဥယျာဉ်ဟာ အမြင့်ပေ ၃၀၀၀ မှ ၁၉၂၉၆ ပေအကြား ရှိပြီး ရာသီဥတုအားဖြင့် အမြင့်ဆုံး အပူချိန် ၁၅ ဒီဂရီစဲလ်ဆီယပ်စ်နှင့် အနိမ့်ဆုံးအပူချိန် (-၃) ဒီဂရီ စဲလ်ဆီယပ်စ်အကြား ရှိပါတယ်။ အမြင့်ပေ ၁၀၀၀၀ ကျော်မြင့်တဲ့ တောင်တန်း ဒေသများမှာ ဆီးနှင်းများ ဖုံးလွှမ်းနေတာတွေကို တွေ့ထိခံစားရမှာ ဖြစ်ပါတယ်။ လှပတဲ့ တောင်ထွတ်၊ တောင်တန်း လျှိုမြောင် တောင်ကြားတွေ၊ ရေတံခွန် စိမ့်စမ်းတွေ၊ ရေထွက်တွေ တွေ့ရမှာ ဖြစ်ပါတယ်။ ရေစီးသန်တဲ့ ကျောက်ချောင်း ရေကြည်ကြည်တွေ၊ တောင်ပေါ် ရေတိမ်ဒေသတွေလည်း တွေ့ရမှာ ဖြစ်ပါတယ်။

တောင်ပေါ်ထင်းရှူးတော (Blue Pine & Coniferous)၊ တောင်ဇလပ် အပင်မျိုးများလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အစွမ်းထက်လှတဲ့ မချစ်ဥ၊ ဂူရှား၊ ရှီးပတီး၊ ခန်းတောက် အစရှိတဲ့ ပရဆေးပင် အမျိုးအမည်များစွာလည်း ပေါက်ရောက်နေပါတယ်။ ဟိမဝန္တာ အရှေ့ဖျားဒေသ ဇီဝမျိုးစုံများလည်း တည်ရှိနေဆဲ ဖြစ်ပါတယ်။ ထူးခြားရှားပါးလှတဲ့ နို့တိုက် ပန်ဒါနီ၊ သားမင်း၊ ကတိုးဂျီ၊ ဖက်ဂျီ၊ ရေခဲတောင်ဆိတ်၊ ဇာမဏီငှက် Blyth's၊ ဟိမဝန္တာမိုနာရစ် (Humalayan Monal)၊ စကလေတာ မိုနာရစ် (Sclater's Monal) များနှင့် တွားသွား သတ္တဝါများစုံလင်စွာ တွေ့မြင်နိုင်ပါတယ်။ လိပ်ပြာနှင့် ရှားပါးသစ်ခွမျိုးစုံ တွေ့မြင်ရပါတယ်။ အမျိုးအမည် ခွဲခြားမသတ်မှတ်ရသေးတဲ့ သစ်ခွအမျိုးမျိုး၊ အပင်အမျိုးမျိုးလည်း ဖော်ထုတ်လေ့လာစရာ အများအပြားရှိနေပါတယ်။

ဤအမျိုးသားဥယျာဉ်သို့ သွားရောက်ရာတွင် သဘာဝပတ်ဝန်းကျင်ဒေသအတွင်း မိမိကိုယ်ကို အားကိုးသွားလာရသည့် တောင်တက် တောင်ဆင်း အတွေ့အကြုံများ ခံစားနိုင်မှာဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများ၏ ဓလေ့နှင့် ယဉ်ကျေးမှုများကို လေ့လာခံစားနိုင်ပါတယ်။ အရှေ့တောင်အာရှဒေသတွင် တစ်ခုတည်းသာရှိသော ဆီးနှင်းဖုံး တောင်စဉ်တောင်တန်း၊ လျှိုမြောင်၊ ရေတံခွန်စိမ့်စမ်းနှင့် တောတောင်အလှ ပသာဒများ တွေ့မြင်ခံစားရမှာ ဖြစ်ပါတယ်။

ဇီဝမျိုးစုံ သဘာဝပတ်ဝန်းကျင် အတွင်းရှိ ဂေဟစနစ်ကို လေ့လာခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ အမြင့်ဆုံး ဖြစ်တဲ့ ခါကာဘိုရာဇီတောင်ထိပ်ကို တက်ရောက်နိုင်ခြင်းအတွက်လည်း ဂုဏ်ယူပီတိ ခံစားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တစ်ခေါက်တစ်ခါ အရောက်သွားကြဖို့နဲ့ တစ်ခေါက်ရောက်ပြီးရင်တော့ နောက်ထပ် အကြိမ်ကြိမ်သွားချင်ကြမှာ မလွဲပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများ၏ ဘဝအေးချမ်းသာယာရေးကို ရှေးရှု၍ စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် လစဉ် အလှူငွေများ ကောက်ခံလှူဒါန်းပေးလျက်ရှိသော စေတနာရှင် အကျိုးဆောင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ လေးထပ်ဆောင်သစ်ကြီး စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အကျိုးဆောင် စေတနာရှင်များ ကြွရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ❑ လူသုံးများသောမှ

ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုတို့နှင့် ဆက်နွယ်လျက်ရှိကြောင်း လေ့လာချက်တစ်ရပ်၌ တွေ့ရှိထားသည်။

ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပါဝင်သည့် ဘစ္စဖီနော(အေ)ခေါ် ဓာတုပစ္စည်းအများအပြား ဆီးထဲတွင်ပါဝင်နေသော လူအုပ်စုတစ်ခုကို စမ်းသပ်စစ်ဆေးချက်အရ ၎င်းတို့တွင် ဆီးချိုနှင့် နှလုံးရောဂါများဖြစ်ပွားမည့် အလားအလာများစွာ တွေ့ရသည်ဟုဆိုသည်။ အမေရိကန်ဆေးပညာအသင်းက ထုတ်ဝေသည့်ဂျာနယ်တွင် ဘစ္စဖီနော(အေ)သည် သုတေသနပြုချက်များအရ ရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်ကို မတွေ့ရကြောင်း ဖော်ပြသည်။

ယူနိုက်တက်ကင်းဒမ်း အဆိပ်ဗေဒပါရဂူတစ်ဦးကလည်း အဆိုပါတွေ့ရှိချက်သည် ပဏာမအဆင့်တွင်သာ ရှိသေးကြောင်း အလေးအနက်ပြောကြားသည်။ ဓာတုဗေဒပစ္စည်းများ သုံးစွဲမှုလျှော့ချရန် စတင်ခဲ့သည့် ၂၀၀၃ ခုနှစ်မှာပင် ဘစ္စဖီနော(အေ)ကို တန်ချိန် နှစ်သန်းကျော်ထုတ်လုပ်ခဲ့သည်။

ဘစ္စဖီနော(အေ)ကို ပလတ်စတစ်များထုတ်လုပ်ရာတွင် အသုံးပြုရာ အကြမ်းအားဖြင့် ပိုလီကာဘိုနိတ်နှင့် အီပိုစီရီစင် ဟူ၍ ပုံစံနှစ်မျိုးဖြင့် ထုတ်လုပ်သည်။

ပိုလီကာဘိုနိတ် ပလတ်စတစ်တွင် ပေါ့သော၊ မာသော ဂုဏ်သတ္တိရှိသည်။ စီဒီပြားများ၊ ဒီဗွီဒီပြားများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် ပြန်လည်အသုံးပြုနိုင်သော အစားအသောက်များ ထည့်သည့်ဘူးများ၊ ခွက်များ၊ ပုလင်းများကို ထုတ်လုပ်ရာတွင် အသုံးပြုသည်။ အီပိုစီရီစင်ကိုမူ အရာဝတ္ထုများအား အကာအကွယ်အဖြစ် ဖုံးပေးခြင်း၊ သုတ်ဆေးနှင့်ကော်ထုတ်လုပ်ခြင်းနှင့် သတ္တုဖြင့်လုပ်သော အစားအသောက်ဘူးများ၌ လိုင်နာအဖြစ် အသုံးပြုခြင်းတို့တွင် အသုံးချသည်။

သောက်ရေထည့်သောဘူးများတွင် ဘီပီအေပါဝင်နေပြီး သောက်ရေမှတစ်ဆင့် လူ၏ခန္ဓာကိုယ်အတွင်းသို့ အဆိုပါဘီပီအေများရောက်ရှိသည်။

ဗြိတိန်ပီနင်ဆူလာဆေးကျောင်းမှ သုတေသနပညာရှင်များက အရွယ်ရောက်သူ အမေရိကန် ၁၄၀၀ ၏ဆီးထဲတွင် ဘီပီအေပါဝင်မှုအဆင့်ကို လေ့လာခဲ့ကြသည်။ ၎င်းတို့က အဆစ်ရောင်ရောဂါ၊ လေသင်တုန်းဖြတ်သောရောဂါနှင့် လည်ပင်းအကျိတ်ရောင်ရောဂါစသည်တို့အပါအဝင် အသက်အန္တရာယ်နီးသော ရောဂါကြီးရှစ်မျိုးမှ တစ်မျိုးမျိုး၏ ရောဂါလက္ခဏာများပြသခြင်း ရှိ၊ မရှိကို သိရှိလို၍ဖြစ်သည်။

နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါများနှင့် ဆီးချိုရောဂါတို့မှလွဲ၍ အခြားဆက်စပ်မှုကို ခိုင်ခိုင်မာမာမတွေ့ရှိရပေ။ သို့သော် ဘီပီအေများပြားခြင်းသည် အသည်းတွင် တဆေးခေါ် အင်ဇိုင်းများ များပြားခြင်းနှင့် ဆက်နွယ်နေသည်ကိုတွေ့ရသည်။

အဝလွန်သောလူများမှာ နှလုံးသွေးကြောနှင့်ဆိုင်သော ရောဂါများနှင့် ဆီးချိုရောဂါရှိနေတတ်ပြီး ဘီပီအေ ပါဝင်မှုရာခိုင်နှုန်းမှာလည်း မြင့်မားသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ဓာတုပစ္စည်းများ များပြားစွာပါဝင်သော အစားအသောက်များကို အဆမတန်စားခြင်းနှင့် ဆက်နွယ်နေသည်ဟု သုတေသနပညာရှင်များက ကောက်ချက်ချသည်။ အမျိုးသမီးများတွင် ဘီပီအေသည် မဟော်မုန်းဓာတ်အတွင်းသို့ ရောက်ရှိလျှင် သန္ဓေသားဖွံ့ဖြိုးကြီးထွားမှုနှင့် မီးဖွားခြင်းတို့ကို ထိခိုက်စေသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှ ဩဇာတိက္ကမရှိသော အုပ်စုများက ပလတ်စတစ်အသုံးအဆောင်များကို ပိတ်ပင်တားမြစ်ရန် တောင်းဆိုခဲ့ကြသည်။ ကနေဒါနိုင်ငံကလည်း လူတို့တွင် ဘီပီအေပါဝင်နေမှုအဆင့်လျှော့ချရန် ကြိုးစားအားထုတ်လာသည်။ လူ့ခန္ဓာကိုယ်၏ အချိုးအစား၊ ခါးတို့ကို ထည့်သွင်းစဉ်းစားလျှင်သော်မှ ဓာတုပစ္စည်းများ မြင့်မားစွာပါဝင်မှုနှင့် ရောဂါဖြစ်ပွားခြင်းတို့၏ ဆက်နွယ်နေမှုသည် မှန်ကန်ဆဲဖြစ်သည်ဟု ၎င်းတို့ကပြောသည်။

သုတေသနပညာရှင်များ၏ ခေါင်းဆောင်ဒေါက်တာဒေးဗစ်မီလ်ဇာက ယခုရှာဖွေတွေ့ရှိချက်များကို အတည်ပြုရန်နှင့် ဆက်စပ်မှုများသည် အကျိုးအကြောင်းညီညွတ်မှုကို သက်သေပြရန်အတွက် နောက်ထပ်စမ်းသပ်လေ့လာမှုများ ပြုလုပ်ရန် လိုအပ်သေးကြောင်းပြောကြားသည်။

***အင်တာနက်။***

# ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တောင်ငူမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူမြို့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိရာ ဝန်ကြီးအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်၊ တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးတို့က ကြိုဆိုကြသည်။**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ဝန်ထမ်းများအား ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ စက်စွမ်းအားပြည့်၊ အချိန်ပြည့် ထုတ်လုပ်နိုင်ရေး၊ အရုပ်နှင့်အသံ အရည်အသွေးမီမီ ထုတ်လွှင့်နိုင်ရေး၊ စက်ပစ္စည်းများဂရုပြုကိုင်တွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စက်ကြံ့ခိုင်ရေးဆောင်ရွက်ရေး၊ စက်ရုံ မီးဘေးလုံခြုံရေးအတွက် အစဉ်ဂရုစိုက်ရေး၊ အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်တားဆီး ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် စီမံပေးသည်။

ယင်းနောက်ဝန်ကြီးသည် စက်ရုံဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး နံနက် ၉ နာရီ မိနစ် ၅၀တွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူမြို့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)





## ❖ ကမ္ဘာ့အရှားပါးဆုံးမှ

ဗီယက်နမ်နိုင်ငံ၌ လောလောဆယ် ဖျံမျိုးစိတ်မှတ်တမ်း အများဆုံးရှိပြီး မျိုးစိတ် ၂၀၀၀ သည် ကာမာယူပြည်နယ် ဉမင်ဟာ အမျိုးသားဥယျာဉ်မှ ဖြစ်သည်။

ယင်းဖျံများသည် လူကို ကြောက်လန့်သဖြင့် ညပိုင်း၌သာ ကျက်စားလေ့ရှိကြောင်း၊ ယင်းတို့သည် ငါး၊ ဖားများ၊ တွားသွားသတ္တဝါငယ်များ၊ မြွေများနှင့် အင်းဆက်ပိုးမွှားများကို စားသောက်ကြောင်း သုတေသနပညာရှင်တစ်ဦးက ပြောကြားသည်။

***အင်တာနက်။***

## ✳ ကမ္ဘာ့အသက်အကြီးဆုံးမှ

ပုဂ္ဂိုလ်အဖြစ် ယမန်နှစ်က ဂင်းနစ်ကမ္ဘာ့မှတ်တမ်းစာအုပ်တွင် ဖော်ပြခံခဲ့ရသည်။ ၎င်းသည် အသီးအရွက်ကို အများဆုံးစားသုံးပြီး အရက်သေစာ လုံးဝမသောက်ခြင်းကြောင့် ယခုကဲ့သို့အသက်ရှည်ခြင်း ဖြစ်ကြောင်း ယုံကြည်ထားသည်ဟု ပြောကြားသည်။

၎င်းသည်အစိုးရဝန်ထမ်းဟောင်းဖြစ်ပြီး သားနှင့်အတူ နေထိုင်သည်။ နေ့စဉ်နွားနို့သောက်ပြီး အပြင်းဖျားနာမှုမရှိ။ အသက်ကြီးသည့်တိုင် နေ့စဉ်မှတ်တမ်း တစ်လလျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ရေးသားသည်။ နေ့စဉ် အသေးအဖွဲကိစ္စမှအစ ရေးမှတ်ထားလေ့ရှိသည်ဟုလည်း ၎င်းကပြောကြားသည်။

အဘိုးအိုသည် ပုစွန်ကြော်ကို အနှစ်သက်ဆုံးဖြစ်ကြောင်း၊ အဆီများပြားသည့် အစားအစာမျိုးကို စားသုံးခြင်း မရှိတော့ကြောင်း ပြောကြားသည်ဟု အဘိုးအို၏ဇာတိမီယာကိုနီဂျီမြို့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဘိုးအိုက နောက်ထပ် ၁၀ နှစ်ရှင်သန် နေထိုင်လိုသေးကြောင်း၊ မိမိမသေချင်သေးကြောင်းပြောကြားခဲ့သည်။ ဂျပန်လူမျိုးများသည် ကမ္ဘာတွင် အသက်အရှည်ဆုံးလူမျိုးများတွင်ပါဝင်ပြီး ပြီးခဲ့သော ရက်သတ္တပတ်က အစိုးရမှတ်တမ်းတွင်အသက် ၁၀၀ ရှိသူ ဦးရေမှာ ၃၆၂၇၆ ဦး ရှိသည်ဟု ဖော်ပြထားသည်။

***အင်တာနက်။***

## ❍ လူမစုံတဲ့မှ

ချယ်လ်ဆီးကို အသာမရတာ ခြောက်ရာသီဆက်တိုက်ရှိသွားပါပြီ။ နည်းဗျူဟာပိုင်းမှာ ဖာဂူဆန်က သာတယ်ဆိုပေမယ့် အနိုင်ရလဒ်ကတော့ အိမ်ရှင် ချယ်လ်ဆီးတို့ဘက်မှာ အလေးသာနေတယ်လို့ ဆိုချင်ပါတယ်။

### လီဗာပူး

အဆင့်(၂)က လီဗာပူးဟာ အိမ်ကွင်းမှာ တန်းတက်စတုတ်စီးတီးကို ညှော်ခံကစားရမှာဖြစ်တာကြောင့် ဇယားထိပ်က ချယ်လ်ဆီးကို ဆက်လက်ဖိအားပေးသွားနိုင်ဦးမှာပါ။ လီဗာပူးဟာ ပရီမီယာလိဂ်ရော ချန်ပီယံလိဂ်မှာပါ ခြေစွမ်းပြနေတာကြောင့် စတုတ်စီးတီးလိုအသင်းမျိုးကို အနိုင်ယူဖို့မခက်လှပါဘူး။ တိုက်စစ်ထက်မြက်တဲ့ လီဗာပူးတို့ အိမ်ကွင်းမှာ ဂိုးပြတ်နဲ့နိုင်ပြီး ချယ်လ်ဆီးအပေါ်မှာ ခေတ္တဦးဆောင်ခွင့် ရသွားလိမ့်မယ်လို့ ယူဆရပါတယ်။

### အာဆင်နယ်

ဝင်းဂါးရဲ့ လူငယ်တွေဟာ လောလောဆယ်မှာ ခြေစွမ်းပြနေကြပါတယ်။ ဖာဘရီဂက်စ်၊ နာဆရီ၊ ဝေါလ်ကော့နဲ့ ဗန်ပါစီတို့ အတွဲညီညီနဲ့ လျင်လျင်မြန်မြန် ထိုးဖောက်ကစားနိုင်ကြတာကြောင့် တော်ရုံတန်ရုံ နောက်တန်းဟာ ပွဲချိန်ပြည့်တောင့်မခံနိုင်ကြပါဘူး။ ပွဲစဉ်(၄)မှာ ဘလက်ဘန်းကို ကစားသွားတဲ့ခြေအရဆိုရင် အဆင့်(၁၂)က ဘော်လ်တန်ကို အာဆင်နယ်တို့ ခြေအသာနဲ့ အနိုင်ယူပြီး အပေါ်နှစ်သင်းကို ဆက်လက် ဖိအားပေးသွားဦးမှာပါ။

### နည်းပြသစ် ဇိုလာ ရလဒ်ကောင်းနိုင်

ဒီတစ်ပတ်မှာ ပရိသတ် စိတ်ဝင်စားခြင်းခံရမယ့် နောက်တစ်ပွဲကတော့ ချယ်လ်ဆီး ကစားသမားဟောင်း ဇိုလာ စတင်ကိုင်တွယ်မယ့် ဝက်စ်ဟမ်းအသင်းနဲ့ နည်းပြလက်မဲ့ဖြစ်နေတဲ့ နယူးကာဆယ်တို့ ယှဉ်ပြိုင်မယ့် ပွဲပဲဖြစ်ပါတယ်။ နည်းပြသစ် ဇိုလာတစ်ယောက်သူ့ရဲ့ ပွဲဦးထွက်ပွဲမှာ ရလဒ်ကောင်း ရနိုင်မယ့်အနေအထားပါ။ယခုပွဲစဉ်(၅)မှာ ဝက်စ်ဘရွန်း တစ်သင်းကလွဲပြီး ကျန်အိမ်ရှင်အသင်းများအားလုံး အမှတ်ရရန် အခြေအနေကောင်းနေတယ်လို့ ဆိုရမှာပါ။

ပရီမီယာလိဂ် ပွဲစဉ်(၅) ကစားမယ့်ပွဲများမှာ စက်တင်ဘာ ၂၀ရက်(ယနေ့)တွင် ဘလက်ဘန်းနဲ့ ဖူလ်ဟမ်၊ လီဗာပူးနဲ့ စတုတ်စီးတီး၊ ဆန်းဒါးလန်းနဲ့ မစ်ဒယ်ဘရော့၊ ဝက်စ်ဟမ်းနဲ့ နယူးကာဆယ်၊ ဘော်လ်တန်နဲ့ အာဆင်နယ်၊ စက်တင်ဘာ ၂၁ရက်(တနင်္ဂနွေနေ့)တွင် ဝက်စ်ဘရွန်းနဲ့ ဗီလာ၊ ချယ်လ်ဆီးနဲ့မန်ယူ၊ ဟူးလ်စီးတီးနဲ့ အဲဗာတန်၊ မန်စီးတီးနဲ့ ပို့စ်မောက်၊ စပါးနဲ့ ဝီဂန်တို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

**ဝင်းတင် (ကြေးမုံ)**

# ကြိုးကြာကွင်းရေလှောင်တမံ၌ ငါးသားပေါက်စိုက်ထည့်

**တောင်ကုတ် စက်တင်ဘာ ၉**

တောင်ကုတ်မြို့နယ် ကြိုးကြာကွင်းရေလှောင်တမံအတွင်း ငါးသားပေါက် မျိုးစိုက်ထည့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။ ရှေးဦးစွာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးကျော်ဆင့်က ငါးသားပေါက် မျိုးစိုက်ထည့်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းအခမ်းအနားသို့တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ကောင်းမြတ်နှင့်တပ်မတော်အရာရှိများ၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ငါးပုစွန်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀ နှင့် ငါးခုံးမသားပေါက်ကောင်ရေ ၄၀၀၀၀ စုစုပေါင်း ၅၀၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြကြောင်းသိရသည်။ **(အောက်ပုံ)** (မြို့နယ်ပြန်/ဆက်)



## မြန်မာ့ ရုပ်မြင်သံကြား အစီအစဉ်

**၂၀-၉-၂၀၀၈ (စနေနေ့)**

### နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၀ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၇း၅၀ ၆။ အဆိုပြိုင်ပွဲ
- ၈း၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၈။ "ပွန်းသံ" (ဇာနှင့်အဖွဲ့) (ဒါရိုက်တာ - သက်တင်)
- ၈း၁၅ ၉။ ၂၀၀၈ ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀ နှစ်) (အမျိုးသမီး)
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

### နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၁း၅၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မေမေ့မေတ္တာ ကုဋေကုဋာ (အပိုင်း - ၅)**
- ၁၂း၄၀ ၅။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁း၂၀ ၆။ **စိတ်၏စေရာ ၃၀၂ (နေတိုး၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ - ခင်မောင်ဦး၊ စိုးသိမ်းထွန်း)**
- ၂း၃၅ ၇။ International News.
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

### ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၃။ အကပြိုင်ပွဲ
- ၄း၃၀ ၄။ နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ အတီးပြိုင်ပွဲ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၅ ၈။ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
- ၅း၃၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၅း၅၀ ၁၀။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (ဝါသနာရှင်အဆင့်) (ဒုတိယတန်း) (အမျိုးသား)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ အလှူရှာမယ်၊ လှုကမ္ဘာဝယ်
- ၇း၀၀ ၁၄။ တေးဂီတအစီအစဉ်
- ၇း၁၅ ၁၅။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၃၂)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၂၃)**
- ၂၀။ အစီအစဉ်ပြီး၏။

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co.,Ltd. မှ Vice President, Mr.Wang Bo သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် China CAMC Engineering Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရေး နှစ်ဖက်ကြိုတင်ဆောင်ရွက်ရန်ကိစ္စများ ဆွေးနွေးညှိနှိုင်းကြသည်။**

**တက်ရောက်**

တွေ့ဆုံရာသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. မှ Vice President, Mr. Wang Bo လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# လေဘေးသင့်ပြည်သူများ ကူညီထောက်ပံ့ရေး ကျန်းမာရေးစီမံချက် သုံးသပ်ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ လေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးစီမံချက် (Post Cyclone Assistance Project)နှင့် စပ်လျဉ်း၍ ပြန်လည်ဆန်းစစ်သုံးသပ်သည့်အစည်းအဝေး (Mid-Term Review Meeting) ကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌနှင့် ဗဟိုစီမံချက်ရုံးမှ တာဝန်ရှိသူများ၊ UNICEF ရုံးနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ကျန်းမာရေးအရာရှိများ၊ စီမံချက်၏ ၁၀ မြို့နယ်တို့မှ မြို့နယ်စီမံချက် ညှိနှိုင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် UNICEF မှ Dr.Abdul Haque Waheed က အဖွင့်အမှာစကားပြောကြား၍ အသင်းဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုးလွင်ငြိမ်း (ကူးစက်ရောဂါနှိမ်နင်းရေး)တို့က လုပ်ငန်းဆိုင်ရာ သုံးသပ်ဆွေးနွေး အကြံပြုကြသည်။ ထို့နောက် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ သုံးမြို့နယ်တို့မှ ကိုယ်စားလှယ် ၁၀ ဦးတို့က သုံးလတာကာလ ကျန်းမာရေးစောင့်ရှောက်နိုင်မှု သုံးသပ်ချက်စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာ သုံးလတာကာလအတွင်း လေဘေးသင့်ပြည်သူများ အတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှု ရှေ့လုပ်ငန်းစဉ် ၁၅ ရပ်ကို အခမ်းအနားမှူးက ဖတ်ကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ လေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ထောက်ပံ့ခဲ့သည့် ဓာတ်ပုံမှတ်တမ်းများ၊ မြေပုံ များနှင့် အထောက်အထား စာရွက်စာတမ်းများ ပြသထားသည့် ပြခန်းငယ်ကို UNICEF နှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဧည့်သည်တော်များက အားပေးကြည့်ရှုကြသည်။

ညနေပိုင်းတွင် UNICEF မှ ဒေါက်တာဂရီတာသိန်း၊ ဒေါက်တာကျော်ဝင်းစိန်၊ ဒေါက်တာခိုင်စိုးတို့က (Primary Health Care, Food+Nutrition Development, Infantile Beri Beri,. WASH)ဘာသာရပ်များ ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❐ ကျောဖုံးမှ**

လပွတ္တာမြို့သည် ရွှေမြစ်ပေါ်တွင် တည်ရှိပြီး ဧရာဝတီမြစ်၊ ပြင်စလူမြစ်၊ ပြန်မလေ့မြစ်၊ သက္ကယ်သောင်မြစ် စသည့် မြစ်ကြီးငါးသွယ် ခြံရံလျက်ရှိသော မြို့ဖြစ်သည်။ လပွတ္တာမြို့နယ်သည် ပင်လယ်ကမ်းခြေဒေသ ရေငန်ဝင်ရောက်ရာ နယ်မြေဖြစ်ခြင်း၊ မြို့နယ်၏ မြောက်ဘက်ခြမ်း မြောင်းမြမြို့နယ်နှင့်ဆက်စပ်သည့် ဒေသသည် ရေချိုရှိခြင်း၊ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးထပ်များ စိုက်ပျိုးနိုင်သည့်အပြင် ရေငန်ဒေသများတွင် ရေငန်ပုစွန်မွေးမြူခြင်းများအား စပါးစိုက်ခြင်းနှင့်ပေါင်းစပ်၍ သဘာဝနည်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။မြောက်ဘက်တွင် မြောင်းမြမြို့နယ်၊ အရှေ့မြောက်ဘက်တွင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဝါးခယ်မမြို့နယ်၊ အရှေ့ဘက်တွင် ဘိုကလေးမြို့နယ်၊ တောင်ဘက်တွင် ကပ္ပလီပင်လယ်၊ အနောက်ဘက်တွင် ငပုတောမြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

**လမ်းတံတားများ ပြုပြင်ဆောင်ရွက်ခြင်း**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ကျောက်မှော် ကျေးရွာအုပ်စုတွင် ကျောက်မှော်ရွာပြင်လမ်း၊ ရှော်ချောင်းကျေးရွာအုပ်စုတွင် လတာချောင်းလမ်း၊ ဘီတွတ်ကျေးရွာအုပ်စုတွင် ဘီတွတ်ရွာတွင်းလမ်း၊ ကန်ဘက်ကျေးရွာအုပ်စုတွင် ကန်ဘက်ရွာတွင်းလမ်း၊ ကကရံကျေးရွာအုပ်စုတွင် ကကရံရွာတွင်းလမ်း၊ ဘေးပေါက်ကျေးရွာတွင်လည်း ဘေးပေါက်ရွာတွင်းလမ်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ရေကောင်းရေသန့် ရေရရှိရေးကို အထူးကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကြိမ်ကုန်းကြီးကျေးရွာအုပ်စုတွင် ရွှေပြည်သာသောက်ရေကန်၊ ဓနိဆိပ်ကျေးရွာအုပ်စုတွင် ပိန္နဲကုန်းသောက်ရေကန်၊ ဘေးပေါက်ကျေးရွာအုပ်စုတွင် ဘေးပေါက်သောက်ရေကန်၊ ဘိုင်းဒေါင့်ချောင်းကျေးရွာအုပ်စုတွင် ဘိုကုန်းသောက်ရေကန်၊ဘီတွတ်ကျေးရွာအုပ်စုတွင် ဘီတွတ်သောက်ရေကန်၊ မြစ်ကြီးဘိုးကျေးရွာအုပ်စုတွင် ကနစိုချောင်းသောက်ရေကန်၊ ကန်ဘက်ကျေးရွာအုပ်စုတွင် ကန်ဘက်သောက်ရေကန် စသည့်သောက်ရေကန်များကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးရွာများ ရေကောင်းရေသန့်ရရှိခဲ့သည်။

တံတားများဆောက်လုပ်ခြင်း လုပ်ငန်းများကိုလည်း ကန်ဘက်ကျေးရွာအုပ်စုတွင် ကန်ဘက်ရေဆင်းတံတား၊ ဘီတွတ်ကျေးရွာအုပ်စုတွင် ချောင်းကူးတံတား၊ ကျူတောကျေးရွာအုပ်စုတွင် ကျူတောချောင်းကူးတံတား၊ ကကရံကျေးရွာအုပ်စုတွင် ကကရံချောင်းကူးတံတား စသည်များကို ဆောင်ရွက်နိုင်သဖြင့် သွားရေးလာရေး အလွန်လွယ်ကူလျက်ရှိပေသည်။ လပွတ္တာ-ပင်လယ်လေး မြစ်ကူးတံတား တည်ဆောက်နိုင်ခဲ့ပြီး ၃-၁-၁၉၉၈ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကာ တံတားမပျက်စီးစေရန် ထိန်းသိမ်းထားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

**အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခြင်း**

ယခင် ပုသိမ်ခရိုင် ငပုတောမြို့နယ် အထက်ပြွန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲကို ၁၉၉၇ ခုနှစ်တွင် ဖွင့်လှစ်သင်ကြားခဲ့သည်။ ယခင် မူလတန်းကျောင်း ၁၂ ကျောင်းမှ မူလတန်းအဆင့် အောင်မြင်ပြီးသူ ကျောင်းသားဦးရေ များပြားလာခြင်း၊ လက်ရှိ တက်ရောက်လျက်ရှိသည့် ကျောင်းသားဦးရေ တိုးတက်လာခြင်း၊ အထက်ပြွန် အလယ်တန်းကျောင်းခွဲ၊ ရေပေါ့လေး မူလတန်းကျောင်း၊ ရေပေါ့ကြီး မူလတန်းကျောင်း၊ တောင်ဦး၊ သရက်ကုန်း၊ တံခွန်တိုင်၊ ဘူးတောင်း မူလတန်းကျောင်းများမှ မူလတန်းကျောင်းသား၊ ကျောင်းသူများသည် မူလတန်းအဆင့် အောင်မြင်လျက်ရှိပြီး အထက်ပြွန်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း၌ ဆက်လက်ပညာသင်ကြားရန် ဆန္ဒရှိခြင်း၊ အထက်ပြွန်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ကျေးရွာသူ၊ ကျေးရွာသားများနှင့် သက်ဆိုင်ရာများက ဝိုင်းဝန်းဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။

**တိုက်နယ်ဆေးရုံဖြစ်ရန်ဆောင်ရွက်ခြင်း**

တိုက်နယ်ဆေးရုံဖြစ်ပေါ်စေရန် ဆောင်ရွက်နေသော ကန်ဘက်ကျေးရွာသို့သွားရောက် လေ့လာခွင့်ရရှိခဲ့ရာ ကန်ဘက်ကျေးရွာအုပ်စုသည် လပွတ္တာမြို့နယ်၏ အရှေ့မြောက်ဘက် ရေမိုင်အားဖြင့် (၁၃)မိုင်အကွာတွင် တည်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးသည့် ကျေးရွာအုပ်စုဖြစ်၍ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လပွတ္တာမြို့သို့ လာရောက်ရသည့်အတွက် သွားလာရာတွင် ပြန်မလေ့မြစ်အား ဖြတ်ကျော်ရသောကြောင့် အခက်အခဲရှိခြင်း၊ အချိန်ကြန့်ကြာမှုများနှင့် ကြုံတွေ့ရသဖြင့် ကျေးရွာအုပ်စုအတွင်းရှိ ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ကျေးရွာနေ ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများ၊ ဌာနဆိုင်ရာများက ကြိုးပမ်းလျက်ရှိလေသည်။ ကန်ဘက်ကျေးရွာအုပ်စုအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ပါက ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်မည်ဖြစ်သည်။

**စက်မှုလယ်ယာထွန်းကားစေရန် ဆောင်ရွက်ခြင်း**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်နှင့်အတူ စာရေးသူသည် အင်တေကျေးရွာသို့ သွားရောက်၍ လယ်ယာသုံးစက်ကိရိယာများဖြင့် တောင်သူလယ်သမားများ လယ်ယာများကို စနစ်တကျ ထွန်ယက်စိုက်ပျိုးနေသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ တောင်သူလယ်သမားများအတွက် လိုအပ်သော လယ်ယာသုံးစက်ကိရိယာများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။

**စပါးလုပ်ငန်း၊ဆားလုပ်ငန်း၊ရေလုပ်ငန်း၊လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း**

လပွတ္တာခရိုင်တွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက အကာအကွယ်ရနိုင်ရေး လပွတ္တာ-သဃ်န်းကြီး-ပြင်စလူကားလမ်းကို ဖောက်လုပ်ပေးလျက်ရှိပေသည်။ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ လမ်းမှာ ၃၅မိုင် ၂ ဖာလုံ ရှိပေသည်။ ယင်းလမ်းပိုင်းများအနက် ၁၈ မိုင် ၆ ဖာလုံရှိ လပွတ္တာ-သဃ်န်းကြီးပိုင်းမှာ တစ်ကြောင်းထိုးလမ်းအဖြစ် ဖောက်လုပ်ပြီးစီးနေပြီဖြစ်ပေသည်။ စပါး၊ ဆား၊ ရေလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ ပံ့ပိုးခြင်း၊ လမ်းများ၊ လူနေအိမ်များကို စနစ်တကျ ဆောက်လုပ်ပေးခြင်း စသည်ဖြင့် တိုးတက်လျက်ရှိပေသည်။

ရန်ကုန်-ပုသိမ် ကားလမ်းများကိုလည်း ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်နေရပေသည်။ လပွတ္တာမြို့နယ်သည် မုန်တိုင်းဘေးဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော မြို့နယ်ဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲအမှူးပြုသော တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအတွင်းရှိ စေတနာရှင်ပြည်သူများ၊ ရဟန်းရှင်လူများ၊ ကမ္ဘာအရပ်ရပ်မှ အလှူရှင်များ၏ စိတ်ရောကိုယ်ပါပံ့ပိုးမှု၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရည်အဆင့်မြှင့်တင်ရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေးနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး စသည့် တာဝန်ကြီး (၅)ရပ် သတ်မှတ်ပြီး အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားထားသည့်အတိုင်း ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးများ၊ ဌာနဆိုင်ရာများ၏ နေ့မအား၊ ညမနား စေတနာအပြည့်အဝ စနစ်တကျဖြင့် ဆောင်ရွက်မှုများကြောင့် လပွတ္တာမြို့နယ်နှင့် ကျေးရွာများသည် ကာလတိုအတွင်း အလျင်အမြန် တိုးတက်နေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ရေလုပ်သားများအား ပံ့ပိုးပေးသည့် စက်တပ်လှေများကို တွေ့ရစဉ်။**

## မြစ်ဝကျွန်းပေါ်၌ မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတွဲမြို့တွင် ၂ဒသမ ၅၂ လက်မ၊ ဂွမြို့တွင် ၂ဒသမ ၄၀လက်မ၊ ရေးမြို့တွင် ၂ဒသမ၃၆ လက်မ၊ ပင်လောင်းမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ဒသမ ၃၈လက်မစီ ၊လှိုင်ကော်မြို့တွင် ၁ဒသမ ၂၆ လက်မနှင့် ရမည်းသင်းမြို့တွင် ၁ဒသမ ၁၈လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**စက်တင်ဘာ ၂၀ရက် ညနေထိ ခန့်မှန်းချက်။** ။ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက် အတွက်ခန့်မှန်းချက်**။ ။မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**စက်တင်ဘာလ စတုတ္ထရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်။** ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၉ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) ၁၈-၉-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) ၁၉-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၁၉-၉-၂၀၀၈

နေပူသည့်နာရီပေါင်း (၁ ဒသမ ၅)နာရီခန့် ၁၈-၉-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၉-၉-၂၀၀၈ | ၁၀မမ(၀ဒသမ၃၉လက်မ) | ၁၆မမ(၀ဒသမ၆၃လက်မ) | ၃မမ(၀ဒသမ၁၂လက်မ) |
| ၁-၁-၂၀၀၈မှ | ၂၃၆၃ မမ | ၂၆၄၇မမ | ၃၀၆၀မမ |
| ယနေ့အထိ | (၉၃ဒသမ၀၃လက်မ) | (၁၀၄ဒသမ ၂၁လက်မ) | (၁၂၀ဒသမ၄၇လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၈-၉-၂၀၀၈ ရက် ၁၄း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်းတိုက်ခတ်သည်။



စက်တင်ဘာ ၁၅ ရက်က အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ၊ ၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဒိုင်းဆုရရှိသော ရန်ကုန်တိုင်း အမျိုးသားအသင်းအား ဒိုင်းဆုပေးအပ်စဉ်။ (အလေးမအဖွဲ့ချုပ်)

## မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စွမ်းအင်နှင့် ပို့ဆောင်ရေး အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၉

**၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ အနိုင်ရရှိသွားကြသည်။**

**(အောင်ဆန်းကွင်း)**

စွမ်းအင်အသင်း - တစ်ဂိုး
(ကျော်ခိုင်ဝင်း)
ကာကွယ်ရေးအသင်း - ဂိုးမရှိ

အသင်းကြီးနှစ်သင်း တွေ့ဆုံသည့် ကာကွယ်ရေးနှင့် စွမ်းအင်တို့ပွဲမှာ သရေရလဒ်ဖြင့် ပွဲသိမ်းတော့မည်ဟု ထင်မှတ်နေစဉ်မှာပင် ပွဲပြီးခါနီးတွင် စွမ်းအင်အသင်းက အနိုင်ဂိုးသွင်းယူနိုင်သောကြောင့် စွမ်းအင်အသင်း နိုင်ပွဲ စတင်ရရှိသွားသည်။ ခြေအရ မတိမ်းမယိမ်းရှိခဲ့သော်လည်း စွမ်းအင်အသင်းက ဂိုးသွင်းခွင့် ပိုမိုရရှိခဲ့ပြီး အဆုံးသတ်အားနည်းခဲ့၍သာ ဂိုးရနည်းသွားခြင်း ဖြစ်သည်။

ကျော်ခိုင်ဝင်းနှင့် ဇော်ထက်အောင်တို့ ဦးဆောင်လာတဲ့ စွမ်းအင်အသင်းဟာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ရဲဝေယံစိုး ဦးဆောင်သည့် ကာကွယ်ရေးတိုက်စစ်မှာ ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့သည်။ ကာကွယ်ရေးမှ မင်းသိုက်အောင်နှင့်နိုင်လင်း၊ စွမ်းအင်မှ စိုင်းသန်းအောင်တို့ ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများကို အသုံးချနိုင်ခဲ့ခြင်းမရှိချေ။ စွမ်းအင်အသင်းမှာ ဖိကစားနိုင်ခဲ့သော်လည်း အပေးအယူ အချိတ်အဆက်များ လွဲချော်နေ၍ တိုက်စစ်အားပျော့ကာ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် ကာကွယ်ရေးအသင်းက အမောခံကစားသမား အချို့ပါလာ၍ ကစားပုံကောင်းလာပြီး စွမ်းအင်ဘက်သို့ ဖိအားပေးလာနိုင်သည်။ ၄၉ မိနစ်တွင် ကာကွယ်ရေးအသင်းပယ်နယ်တီရရှိခဲ့ရာ ဌေးအောင်ကန်သွင်းသော်လည်း စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင်ကာကွယ်သွားနိုင်သည်။ စွမ်းအင်အသင်းအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီး နှစ်မိနစ်အလိုတွင် ဇော်ထက်အောင်ကန်တင်ပေးသော ပြစ်ဒဏ်ဘောကို ကျော်ခိုင်ဝင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

**စွမ်းအင်အသင်းမှ မာလနှင့် ကျော်ခိုင်ဝင်းတို့၏ ဂိုးသွင်းရန် ကြိုးပမ်းနေမှုကို ကာကွယ်ရေး ဂိုးသမား ထွန်းထွန်းလတ်နှင့် နောက်ခံလူ တိုးမြင့်လှိုင်တို့ ကာကွယ်စဉ်။**



**(သုဝဏ္ဏကွင်း)**

ပို့ဆောင်ရေးအသင်း - သုံးဂိုး
(ထက်အောင် နှစ်ဂိုး-
ကြည်လင်း တစ်ဂိုး)
လယ်/ဆည်အသင်း - ဂိုးမရှိ

ပို့ဆောင်ရေးအသင်းမှာ တစ်သင်းလုံး အချိတ်အဆက်မိမိဖြင့် ခြေစွမ်းပြကစားကာ လယ်/ဆည်အသင်းကို ဂိုးမိုးရွာသွားသည်။ ယမန်နှစ်အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံစဉ်က ပို့ဆောင်ရေးက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သလို ယခုတွေ့ဆုံရာတွင်လည်း ဂိုးပြတ်အနိုင်ဖြင့် ထပ်မံအနိုင်ရရှိသွားခြင်းဖြစ်သည်။

ပို့ဆောင်ရေးအသင်းမှာ ပထမပိုင်းတွင် ထက်အောင်၏ဂိုးဖြင့် ဦးဆောင်နေပြီး ဒုတိယပိုင်းတွင် ထက်အောင်နှင့် ကြည်လင်းတို့က တစ်ဂိုးစီ ထပ်မံသွင်းယူခဲ့ခြင်းဖြစ်သည်။

**ယနေ့ပွဲ**

**(အောင်ဆန်းကွင်း)**

မြန်မာ့မီးရထား
သစ်တောရေးရာ





## မိတ္ထီလာတက္ကသိုလ် မြန်မာစာမိသားစု စာပေဟောပြောပွဲ အခမ်းအနားကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၉**

မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ် မြန်မာစာမိသားစု၏ စာပေဟောပြောပွဲကို ဩဂုတ် ၂၉ ရက် သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဌာနအကြီးအကဲများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာစာဌာန၊ ပါမောက္ခဌာနမှူး ဒေါ်ရွှေရွှေက ဟောပြောမည့် ပုဂ္ဂိုလ်ကို ပရိသတ်နှင့် မိတ်ဆက်ပေးကာ ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်မှ အငြိမ်းစား မြန်မာစာပါမောက္ခ ဆရာကြီးဒေါက်တာခင်အေး (မောင်ခင်မင်၊ဓနုဖြူ)က "လူငယ်နှင့် စာပေလေ့လာမှု" ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောပြီး **(အပေါ်ပုံ)** အခမ်းအနားကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၅၅၅)

## Nikon DSLR D90 နှင့် D700 ကင်မရာအသစ်များ မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

Nikon Singapore Pte.Ltd နှင့် Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသော D90 နှင့် D700 ကင်မရာအသစ်များ မိတ်ဆက် ရှင်းလင်းပွဲကို ယမန်နေ့တွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ အခမ်းအနားတွင် Special Style Photo & Electronics မှ Managing Director ဦးမောင်မောင်ဝင်း **(အောက်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး Nikon Singapore မှ Mr.Numakoက Nikon Corporation မှ နောက်ဆုံးအသစ်ထုတ်လုပ်ထားသည့် D90 နှင့် D700 Nikon Digital SLR Camera များကို မြန်မာပြည်ဈေးကွက်သို့ မိတ်ဆက်ပေးသည့် အခမ်းအနားဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Nikon Asia Technical Office မှ Mr.Guo Zhiwei က D90 ကင်မရာများသည် D300 နည်းတူ High Performance ထည့်သွင်း အသုံးပြုထားပြီး DSLR များတွင် World First Movie Function ပါဝင်သော ကင်မရာဖြစ်ကာ 12.3 Megapixel ရှိ DX Format CMOS Image Sensor Camera များဖြစ်ကြောင်း၊ ISO 200 မှ 3200 ထိ ရှိကြောင်း၊ LCD Screen 3 inch ရှိပြီး Liveview ပါဝင်ကြောင်း၊ 4.5fp အထိ တစ်ဆက်တည်းရိုက်နိုင်ပြီး Active D Lighting ပါဝင်ကြောင်းနှင့် D700 ကင်မရာများသည် 12.1 megapixel ရှိ Fx Format CMOS Sensor Camera များဖြစ်ကြောင်း၊ ISO 200မှ 6400ထိ ရှိပြီး LCD Screen 3inch ရှိပြီး Liveview ပါဝင်ကြောင်း၊ Expeed DX Processor အသုံးပြုပြီး 14bit နှင့် A/D Convert လုပ်ပေးကြောင်း၊ 8fps ထိ ပုံ 100 ခန့်ကို တစ်ဆက်တည်း ရိုက်နိုင်ပြီး Selfcleaning Sensor Unit ပါဝင်ကြောင်း သရုပ်ပြရှင်းလင်း ပြောကြားသည်။

Nikon Corporation ၏ မြန်မာပြည်အတွက် တစ်ဦးတည်း ဖြန့်ချိရေးကိုယ်စားလှယ်ဖြစ်သော Special Style Photo & Electronics မှ ဝယ်ယူသော ကင်မရာတိုင်းအတွက် တစ်နှစ်အာမခံဖြင့် ရောင်းချပေးနေပြီး ကင်မရာဘူးခွံများပေါ်တွင် အာမခံ Sticker နှင့် ဘူးထဲတွင် Warranty ကတ်ပြားများပါရှိမှသာ ကုမ္ပဏီပစ္စည်း အစစ်အမှန်ဖြစ်ကြောင်း။ Nikon အမျိုးအစား Nikon DSLR Camera နှင့် အပျော်တမ်းရိုက် Coolpix Digital Camera များကို Special Style Photo & Electronics (အရောင်းပြခန်းနှင့် ဝန်ဆောင်မှုဌာန)၊ အမှတ်-၁၈၄-၁၉၂၊ အခန်း(ဘီ-၁)၊ နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်ဝယ်ယူရရှိနိုင်ပြီး ဖုန်း-၂၀၀၁၃၈၊ ၀၉၅၁၄၄၈၄၇ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)







**သတင်းနှင့်ဓာတ်ပုံ**
**ကိုကိုစိုးညွန့်**

# ဟိုင်းကြီးကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စက်တင်ဘာ ၁၅ရက်တွင် လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ကုန်းသာယာကျေးရွာသစ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ ဟိုင်းကြီးကျွန်းမြို့နယ် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်း ပြန်လည်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကုန်းသာယာကျေးရွာသစ်အတွင်း လေဘေးသင့် အိမ်ထောင်စုများအတွက် လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ကျေးရွာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လူနေအိမ်များဖြင့် တိုးတက်ဖြစ်ပေါ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရွှေသံလွင်ကုမ္ပဏီမှဆောက်လုပ်နေသည့် ကုန်းသာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးကာ ကျေးရွာအတွင်း ရေရရှိရေး၊ ရေဖူလုံရေးအတွက် ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အင်တာနက်ထူးခြားသတင်း

### ကမ္ဘာ့အသက်အကြီးဆုံး အဘိုးအို မွေးနေ့ကျင်းပ

**တိုကျို စက်တင်ဘာ ၁၉**

ကမ္ဘာ့အသက်အကြီးဆုံးအဘိုးအို၏ (၁၁၃)နှစ်မြောက် မွေးနေ့ပွဲကို ဂျပန်နိုင်ငံတောင်ပိုင်းရှိ ၎င်း၏ နေအိမ်၌ စက်တင်ဘာ ၁၆ရက်က ကျင်းပခဲ့ရာ အဘိုးအိုက ထိုမွေးနေ့ပွဲ၌ ၎င်း၏ဘဝ ပျော်ရွှင်ရပုံနှင့် ကျန်းမာစွာ နေထိုင်လျက်ရှိပုံတို့ကို သတင်းထောက်များအား ပြောပြခဲ့သည်။ မွေးနေ့ရှင်အဘိုးအို တိုမိုဂျီတာနာဘေးအား ဒေသဆိုင်ရာ မြို့တော်ဝန်က မွေးနေ့လက်ဆောင်ပန်းများနှင့် လက်ဖက်ရည်ခွက်ကြီးတစ်ခွက်တို့ကို ပေးပို့ခဲ့သည်။

တိုမိုဂျီတာနာဘေးသည် ကမ္ဘာ့အသက်အကြီးဆုံးသက်ရှိထင်ရှား

**စာမျက်နှာ ၉ ကော်လံ ၆ သို့✳**





**စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြု၍ လပွတ္တာမြို့နယ်မှ တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် ထွန်ယက်နေစဉ်။**

## ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သော လပွတ္တာ

**သတင်းဆောင်းပါး-မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

မုန်တိုင်းဒဏ်ခံခဲ့ရပြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်နေသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သို့ လေ့လာခွင့် ရရှိခဲ့သည်။ ရန်ကုန်မြို့မှ ၁၇၁မိုင် ကွာဝေးသော လပွတ္တာမြို့သို့ အပြင်လမ်းခရီးဖြင့်သွားသော ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် နှစ်ထပ်ရေယာဉ် ဗန္ဓက၊ ဝေဿန္တရာ၊ ဝိဓူရ၊ ဗန္ဓုလ၊ မေခ သင်္ဘောများဖြင့် သွားရောက်ခဲ့ရပေသည်။

လပွတ္တာမြို့သို့ ရေလမ်း၊ကုန်းလမ်းဖြင့် သွားလာနိုင်သည်။ လပွတ္တာမြို့နယ်သည် လေမုန်တိုင်းဒဏ်ခံခဲ့ရသော မြို့နယ်ဖြစ်သော်လည်း လပွတ္တာမြို့သူမြို့သားများ၊ နယ်သူနယ်သားများ၊ ဌာနဆိုင်ရာများ ကြိုးပမ်းဆောင်ရွက်ကြသဖြင့် လပွတ္တာမြို့နယ်မှာ ဖွံ့ဖြိုးတိုးတက်စည်ပင်လျက်ရှိပေသည်။

စပါးလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆားလုပ်ငန်းများ၊ ဆေးရုံ၊ စာသင်ကျောင်း၊ သာသနိက အဆောက်အအုံများမှာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပေသည်။ ရေလုံလောက်မှုရရှိစေရန် သောက်ရေကန်ငါးကန်ကို လှူဒါန်းခဲ့သော ဝါဝါဝင်း ကုမ္ပဏီ၏ ဆောင်ရွက်မှုသည်ကား ကျေးဇူးတင်စရာကောင်းလှပေသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐**

## အင်တာနက် ဇီဝသိပ္ပံသတင်း

### ကမ္ဘာ့အရှားပါးဆုံး ဖျံမျိုးစိတ် ဗီယက်နမ်တောင်ပိုင်း၌ တွေ့ရှိ

**ဟန္နိုင်း စက်တင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း အမျိုးသားဥယျာဉ်အတွင်း ကမ္ဘာ့အရှားပါးဆုံး မျိုးစိတ်စာရင်းဝင် နှာခေါင်းပိုင်း၌ အမွေးအမှင်များ ထူထပ်စွာပါရှိသော ဖျံနှစ်ကောင်ကို ရှာဖွေတွေ့ရှိကြောင်း သုတေသနပညာရှင်များက ကြာသပတေးနေ့တွင် ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ ဖျံတစ်စုံကို လွန်ခဲ့သော မတ်လက ဥမင်ဟာ အမျိုးသားဥယျာဉ်အတွင်း၌ သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းဖျံများသည် ၁၉၉၀ပြည့်နှစ်က မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဟု ယူဆထားသော ဖျံမျိုးများဖြစ်သည်။ သို့သော်လည်း ၎င်းတို့ကို ကမ္ဘောဒီးယား၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ပြန်လည်ရှာဖွေ တွေ့ရှိလာရသည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**



## လူမစုံတဲ့ မန်ယူ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ချယ်လ်ဆီးကို ဘယ်လိုရင်ဆိုင်မှာလဲ

ပရီမီယာလိဂ် ပွဲစဉ်(၅)၊ စက်တင်ဘာ ၂၀-၂၁

PREMIER LEAGUE

ပရီမီယာလိဂ်ပွဲစဉ်(၅)အဖြစ် ယနေ့(စနေနေ့)နဲ့ စက်တင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့)တို့မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာ လူမစုံတဲ့ မန်ယူက လူစုံတက်စုံနဲ့ ပွဲထွက်လာမယ့် ချယ်လ်ဆီးကို စတမ်းဖို့ဒ်ဘရစ်ချ်မှာ သွားရောက် ရင်ဆိုင်ရမှာပါ။ အဆင့်(၂)က လီဗာပူးနဲ့ အဆင့်(၃)က အာဆင်နယ်တို့ဟာ ဒီတစ်ပတ်မှာ ပွဲချောင်တာကြောင့် ဇယားထိပ်က ချယ်လ်ဆီးကို ဆက်လက်ဖိအားပေးနိုင်မယ့် အနေအထားပါ။

### ချယ်လ်ဆီး အလေးသာ

ဒီတစ်ပတ်မှာ ချယ်လ်ဆီးနဲ့ မန်ယူ ထိပ်တိုက်တွေ့ဆုံမှုက ပရိသတ်အပေါ် စွဲဆောင်မှုအရှိဆုံးပွဲလို့ ဆိုရမှာပါ။ စကိုလာရီရဲ့ ချယ်လ်ဆီးမှာ မိုက်ကယ်ဘောလက်၊ ဒရော့ဘာတို့နဲ့ လူပြန်စုံနေပါပြီ။ ဒါ့အပြင် အသင်းခေါင်းဆောင် ဂွန်တယ်ရီမှာလည်း အနီကတ်ပြစ်ဒဏ် ပယ်ဖျက်ခြင်းခံရတာကြောင့် ဒီပွဲမှာ ပါဝင်ကစားမှာပါ။ ဧည့်သည်မန်ယူအသင်းမှာတော့ စီရော်နယ်လ်ဒို ဝင်ရောက်ကစားမှာဖြစ်ပေမယ့် အားထားရတဲ့ နောက်ခံလူ ဗီဒစ်မှာ ပွဲပယ်ပြစ်ဒဏ်နဲ့ ကွင်းလယ်လူ မိုက်ကယ်ကာရစ်မှာ ခြေချောင်းရိုးကျိုးဒဏ်ရာကြောင့် ဒီပွဲနဲ့ လွဲချော်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် လူမစုံတဲ့ မန်ယူဟာ လူစုံတက်စုံနဲ့ ပွဲထွက်လာမယ့် ချယ်လ်ဆီးကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ စောင့်ကြည့်ရတော့မှာပါ။ ဖာဂူဆန်ရဲ့ မန်ယူဟာ စတမ်းဖို့ဒ်ဘရစ်ချ်မှာ **စာမျက်နှာ ၉ ကော်လံ ၁ သို့❍**